
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**မအိုစာ**

**ကျိန်**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၃၅၁၀၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၇၆၀၁၁၀
ပထမအကြိမ်
၂၀၁၁ ခုနှစ်၊ မေလ
ထုတ်ဝေသူ - ဦးသိန်းဇော် (လောကနတ်စာပေ)
၂၈၀၁၁ လမ်းသစ်မွှာရှုလမ်း
နှင့် သံသုတ်ရပ်ကွက်
မျက်နှာဖုံးပုံနှိပ်သူ -ဦးကျော်ရင် (မြ-၀၅၄၁၇)
ရွှေခြင်္သေ့ပုံနှိပ်တိုက်
အမှတ် (၂၂၅) (၃၂) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ - ဦးနိုဝ်နိုင်အောင် (မြ-၀၆၅၇၀)
ရတနာမင်းပုံနှိပ်တိုက်၊ အမှတ် (၀၉၂)
၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်
မျက်နှာဖုံးဒီဇိုင်း - Ma O' Sar
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ရွှေမင်းသမီးစာပေ၊
ဖုန်း - ၀၉၄၃၀၀၄၄၁၅၂၊ ၀၁-၄၀၀၆၇

မအိုစာ ၈၉၃-၈၃
ကျိန်/မအိုစာ။ ရန်ကုန်။
လောကနတ်စာပေ၊ ၂၀၁၁
၁၄၇စာ၊ ၁၃.၂၁×၂၀. စင်တီ
(၁) ကျိန်

# ကျိန် . .

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုရွက်ဆိတ်စံအိမ်
၉။ ကုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်္ဂ
၁၃။ ဘီလူးနကတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ


ယခု ... ကျိန် ..

● ခို စာချစ်တဲ့ ပရိသတ်ကြီးအတွက် အထူးအလှူ..

စာပေဝါသနာရှင်များအတွက် Ma O' Sar ကျော်ကျော်

မိတ်ဆက်ပါတယ်။

မအိုဇာရဲ့ ပရိသတ်တွေ ကျော်ကျော်တို့ရဲ့စာပေတွေ ရေးသားပေးပို့နိုင်ပါတယ်။

ပေးပို့သူပရိသတ်နဲ့ မအိုဇာ .. ဖတ်ရှုတဲ့ ကျော်ကျော်တို့ ...

လက်ဆောင်မျိုးစုံ ...

ကျော်ပေးပို့သူများအနေနဲ့ ...

နေရပ်လိပ်စာ ... ..

ကျော်ကျော်တို့ ပြန်ပို့ပေးပို့နိုင်ပါတယ်။

မအိုဇာ

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့။

အကြံပြုစာရေးသားပေးပို့သူ

ပရိသတ်အားလုံးကို လက်မှတ်ထိုးထားသော

စာအုပ်လက်ဆောင်များ

ပြန်လည်ပေးပို့လျက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

ပုဂံမြို့ဟောင်းတစ်နေရာ ...

အုန်းတောရွာရဲ့ နံနက်ခင်းတစ်ခု . . .

ရွာအဝင်လမ်းရှိ ညောင်ပင်ကြီးအောက် ကလေး

သိုက်ပျော်ရွှင်စွာ အော်ဟစ်ဆော့ကစားနေချိန် —

အသက်ရှစ်နှစ်အရွယ် ကလေးမတစ်ယောက်ဟာ

ညောင်ပင်ကြီးအနား ရောက်လာတယ်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကလေးမဟာ ညောင်ပင်ကြီးရဲ့ မလှမ်းမကမ်းမှာ ရပ်ရင်း ဆော့ကစားနေတဲ့ကလေးတွေကိုငေးကြည့်နေတယ်။

သူ့မရင်ထဲမှာရွယ်တူ ကလေးတွေနဲ့ [illegible] ခုန်ပေါက် ဆော့ကစားချင်စိတ်တွေ ဖြစ်ပေါ်လာတယ် ။

ဒါကြောင့် .. ညောင်ပင်ကြီးရှိရာ ပြေးသွားရင်း

" ဟဲ့ .. နင်တို့ကစားတဲ့အထဲမှာ

ငါလည်းပါမယ် "

လို့ပြောလိုက်တယ်။

အသံကြောင့် ဆော့ကစားနေတဲ့ ကလေးတွေဟာ သူ့အဆီ အကြည့်ရောက်လာတယ် ...။

ညစ်တီးညစ်စုတ်နဲ့ အကျီစုတ်ဝတ်ထားတဲ့ သူ့ကို မြင်တဲ့အခါ ကလေးတွေဟာ နှာခေါင်းရှုံ့သွားကြတယ်။

ဒီအချိန်မှာဘဲ ... ဂျစ်ကန်ကန် မျက်နှာထားနဲ့ ကောင်လေးတစ်ယောက်ဟာ သူ့အနားလျှောက်လာတယ်။

" ဒါ .. လူတွေ ကစားတဲ့နေရာ ၊



ကယ်ပါတွေ ကစားတဲ့နေရာမဟုတ်ဘူး

ကယ်ပါဆိုတာ သူတောင်း စား ..

သူတောင်းစားဟာ သူများပေးမှ ကျွေးမှ

စားရတဲ့သူလို့ငါ့အမေ ပြောဖူးတယ် ၊

ဒီမှာ ဆော့နေတဲ့ သူတွေအားလုံး

လယ်ရှင် သားသမီးတွေချည်းဘဲ ၊

ကယ်ပါမလေး ... သွားစမ်းကွာ .. "

ဂျစ်ကန်ကန်ကောင်လေးဟာ ရှိုင်းပျစွာပြောရင်းသူ့ကို ဆောင့်တွန်းလိုက်တယ်။

ကလေးမဟာ ဆောင့်တွန်းခံရတာကြောင့် မြေပေါ် ဖင်ထိုင်လျက် လဲကျသွားရှာတယ် ။

ကလေးတွေဟာ သူ့မကိုကြည့်ပြီး လှောင်ပြောင် ရယ်မောလိုက်ကြတယ် ။

ကလေးမဟာ လှောင်ပြောင်ခံရတာကြောင့် တဟီးဟီး ငိုကြွေးရင်း မြေပေါ်က ကုန်းထလိုက်တယ် ။

www.burmeseclassic.com



ပြီးတော့ ... ကလေးအုပ်ထဲကနေ ထွက်ပြေးဖို့ ပြင်လိုက်တယ် ။

ဒီအခါမှာ ဂျစ်ကန်ကန်ကောင်လေးက သူမရှေ့ ခြေထိုးခံလိုက်တယ်။

သူမဟာ ကောင်လေးရဲ့ ခြေထိုးမှုကြောင့် မြေပေါ် ဝမ်းလျားမှောက်လဲကျသွားပြန်တယ်။

အကျမတော်တဲ့အတွက် အုတ်ခဲနဲ့ မျက်နှာဆောင့်မိပြီး ပါးစပ်က သွေးတွေထွက်လာတယ် ။

ကလေးမဟာ ပါးစပ်ကို လက်နဲ့နဲ့ သုပ်ရင်းသွေး တွေကိုမြင်တဲ့အခါ လန့်ဖျပ်ပြီး အော်ဟစ်ငိုယိုလိုက်တယ် ။

ပြီးတော့ .. ပါးစပ်ကို လက်နဲ့အုပ်ပြီး ထိုနေရာကနေ ပြေးထွက်သွားတယ် ... ။

ဂျစ်ကန်ကန်ကောင်လေးဟာ သူမရဲ့ ကျောပြင်ကို ကြည့်ရင်း သဘောကျဟန်နဲ့ ..

" ဟား . . .ဟား၊ကိုယ့်နေရာကိုယ်မသိတဲ့



ကယ်ပါမလေး . . သူကြီးမြေး ဖိုးလုံးအကြောင်း သိသွားပြီဟေ့ . . . ဟား . . ဟား . . ဟား "

လို့လှောင်ပြောင်ရင်း ဟားတိုက်ရယ်မောလိုက်တော့ တယ်။

ပြီး

www.burmeseclassic.com

# အပိုင်း (၂)

"အီး . . ဟီး . . ဟီး၊ အဘွားရေ . .

ကျုပ်ကိုဝိုင်းပြီး အနိုင်ကျင့်လိုက်တယ်တော့ . ."

အိမ်ရှေ့ဆီက အသံကြောင့် ဒေါ်အိုစာဟာ တောင်ရှေး

www.burmeseclassic.com

www.burmeseclassic.com



လို့ အပြောက်ရင်း အပြေးတစ်ပိုင်း ထွက်ခဲ့တယ် ။

မြေးလေးအိုပြည့် ... ပါးစပ်မှာလည်းသွေးတွေ [illegible]နေတယ် . . ။

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ဒေါ်အိုစာဟာရင်ဘတ် ဖိဖိရင်း . . .

" ဟဲ့ . . ဟဲ့ . . မြေးမလေး . .

ဘယ်လိုဖြစ်လာတာလဲ အဘွားရင်ထိတ်လိုက်တာကွယ်"

လို့ ရေရွတ်ပြီး မြေးဖြစ်သူနဲ့အတူ အိမ်ရှေ့ကပြင်လေးမှ ထိုင်ချလိုက်တယ် ။

အိုပြည့်လေးဟာ ငိုကြီးချက်မနဲ့ . . .

" ကျုပ် . . ကျုပ်ကို သူကြီးမြေး ဗိုးလုံးတို့ ဝိုင်းပြီးအနိုင်ကျင့်တယ် . .

သူ့ကြောင့် ကျုပ်သွား ကျိုးသွားတယ် . .

အီး . . ဟီး . . ဟီး . . ၊ ပြီး . . ပြီးတော့ သူက ကျုပ်ကို ကယ်ပါမလို့လည်းပြောတယ် . . "



လို့ တိုင်တန်းလိုက်တယ် ။

" ကယ်ပါမ . . " ဆိုတဲ့ စကားကြောင့် ဒေါ်အိုစာဟာ အသားဆတ်ဆတ်တုန်မတတ် ဒေါသထွက်သွားပြီး၊

" ဘာ . . သူကြီးမြေး . . အရိုင်းအစိုင်းကောင်က ငါ့မြေးကို ဒီလိုဘဲ ပြောသလား ၊

တွေ့ကြသေးတာပေါ့ ၊လာ . . ငါ့မြေး . .

အဘွားနဲ့ လိုက်ခဲ့စမ်း . . "

လို့ ကြုံးဝါးရင်း သူကြီးအိမ်ဘက် ထွက်ခဲ့တယ်။

သူကြီးအိမ်ရှေ့ရောက်တဲ့အခါ ဒေါ်အိုစာဟာ တောင်ဝှေးနဲ့မြေစည်းရိုးကို တဘုန်းဘုန်း ရိုက်ရင်း . .

" ဟေ့ ... သူကြီးဆိုတဲ့အကောင် ...

ထွက်ခဲ့စမ်း . . "

လို့ အသံသြကြီးနဲ့ အော်ဟစ်လိုက်တယ် ။

အိမ်ရှေ့ဆီကအော်သံကြီးကြောင့် သူကြီးပိုးကောင်ပယ လန့်ဖျပ်ပြီး ဆင်းလာတယ် . . . ။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အိုစာကို မြင်တဲ့အခါ သူကြီးဟာ အကြီးအကျယ် မျက်နှာပျက်သွားတယ် ။

ပြီးတော့ ခြေလှမ်းကျဲကြီးနဲ့ ဒေါ်အိုစာရှိရာလျှောက်သွားတယ်။

ဒေါ်အိုစာဟာ သူကြီးပိုးကောင်ကို အစိမ်းလိုက်ဝါးစားမတတ် စူးစိုက်ကြည့်ရင်း . .

" ဟဲ့ .. ပိုးကောင်၊နှင့်မြေးဖိုးလုံး ဘယ်မှာလဲ . .

ဒီမှာကြည့်စမ်း .. နှင့်မြေးလုပ်လို့

ငါ့မြေး သွားကျိုးသွားပြီ . . ခေါ်လိုက်စမ်း

မိမဆုံးမ . . ဘိုးအေးမဆုံးမတဲ့ ဟာလေးကို . . "

လို့ပြောလိုက်တဲ့အခါ သူကြီးဟာ မျက်နှာကြီးရဲသွားပြီး . . ပြုံးပြုံးပြီး . .

" ကျုပ်မြေးမရှိဘူး . . .

ခင်ဗျားမြေး သွားကျိုးတာကျုပ်မြေးနဲ့ ဘာဆိုင်တုန်း၊

ဒီမယ် အဘွားကြီး . . စောစောစီးစီး

အိမ်လာပြီး အော်ဟစ်မနေနဲ့ . . ကျက်သရေယုတ်တယ်



လို့ ပြန်ဟောက်လိုက်တယ် ။

"ဘာ . . ဘာ ၊ ငါက

ကျက်သရေယုတ်တယ် ဟုတ်လား . .

နှင့်မြေး ယုတ်မာရိုင်းစိုင်းလို့ ငါတို့

ဒီရောက်လာတာဖဲ့ . . လောကမှာ

တန်ရာတန်ကြေးဆိုတဲ့ စကားရှိတယ် ..

နှင့်မြေး ခြေထိုးခံလို့ ငါ့မြေးမလေး

သွားကျိုးသွားပြီ . . ထိုက်တန်တဲ့ လျော်ကြေးရမှ

ကျေနပ် မယ်ဟေ့ . . . "

ဒေါ်အိုစာရဲ့ စကားကြောင့် သူကြီးပိုးကောင်ဟာ ပြုံးပြုံးပြီး . .

" သြော် . . သြော် . . လက်စသတ်တော့

ခင်ဗျားကြီးက၊အလျော်လိုချင်လို့ လာတာကိုး ၊

ကျုပ်မြေး ဖိုးလုံးကြောင့် ဖြစ်တာမှန်ရင်

အလျော်ပေးရတာပေါ့ . . ကဲ . . ပြောစမ်း . .

www.burmeseclassic.com

www.burmeseclassic.com



ငွေဘယ်လောက် လိုချင်သလဲ ..

ပိုးကောင်တို့က ရိုးရိုးသူကြီး မဟုတ်ဘူး ၊

ထန်းတောတွေ အများကြီးပိုင်တဲ့ သူကြီးဗျ ..

ပြောလိုက်စမ်းပါ .. ”

လို့ မျက်နှာကိုရှုံ့ပြီး ပြောလိုက်တယ် ။

ဒေါ်အိုစာဟာ သူကြီးပိုးကောင်ရဲ့ စကားကြောင့် အံ

တင်းနေအောင် ကြိတ်လိုက်တယ် ...။

တောင်ဝှေးကိုင်ထားတဲ့ သူ့လက်အစုံက မပြင်းစိတ်ကြေ

ဆတ်ဆတ်တုန်နေပြီ။

ပြီးတော့ သူကြီးကိုစူးဆိုက်ကြည့်ရင်း ..

“ငါလိုချင်တာ ငွေမဟုတ်ဘူး။

နင့်မြေးဖိုးလုံးရဲ့ သွားတစ်ချောင်းဘဲ၊

ငါ့မြေးသွားကျိုးသလို နင့်မြေးရဲ့သွားကို

ပြန်ချိုးရမှ ငါကျေနပ်မယ် .. ”

ဒေါ်အိုစာရဲ့ စကားကြောင့် သူကြီးဟာ မျက်လုံးအ



[illegible]...

ပြူးကျယ်သွားတယ်။

ပြီးတော့ .. ဒေါသတကြီးအမူအရာနဲ့ ..

“ အို .. မဖြစ်နိုင်ဘူး ၊ ခင်ဗျားကြီး ရူးနေသလား၊

ဘာလို့ ကျုပ်မြေးရဲ့ သွားကို ပြန်ချိုးရမှာလဲ ၊ ခင် ..

ခင်ဗျား .. ယုတ်မာလှချည်လား .. ”

လို့ အော်ဟစ်လိုက်တယ် ။

ဒေါ်အိုစာဟာ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးအစုံနဲ့

သူကြီးကိုကြည့်ရင်း ..

“ ဒါတင်မကဘူး .. နင့်မြေးက ငါ့မြေးကို

ကယ်ပါမ လို့ ပြောခဲ့တယ် ၊

ဒါ .. ကလေးပြောရမယ့် စကားလား ၊

နင်တို့ လူကြီးတွေ မြှောက်ပေးလို့ငါတို့

အပြောခံရတာငါတို့ဘာသာ ကယ်ပါမကလို့

ဘာဘဲဖြစ်ဖြစ် နင်တို့ ပြောစရာမလိုဘူးဟေ့ .. ”

လို့ပြောလိုက်တယ် ။

www.burmeseclassic.com



ဒီအချိန်မှာအဲ သူကြီးသမီး ကျီးမ အနားရောက်လာပြီး-

" ဟဲ့ . . ကယ်ပါမို့ ကယ်ပါလို့ ပြောတာ နားမနေနဲ့၊

ကျုပ်ရဲ့လက်က ပါးမရွေးဘူးနော် ၊

အိုးကြီးအိုမတွေ ဘာတွေ နားမလည်ဘူး ၊

စော်ကားရင် ပါးကို ဖျောင်းကနဲ ရိုက်ပစ်မယ် . . "

လို့ ကတ်ကက်လန် ရန်တွေ့တယ် ။

ကျီးမရဲ့စကားကြောင့် ဒေါ်အိုစာရဲ့ဒေါသဟာ ယယ်ထိတ်

ဆောင့်သွားတယ်။

" အေး . . ဟုတ်တယ် . .

ကယ်ပါမျိုးက နင့်သားလို မရိုင်းစိုင်းဘူး ၊

ပိုးကောင်ဆိုတဲ့ အကောင် . . ကျီးမ ဆိုတဲ့ကောင်မ . .

ကယ်ပါမဒေါ်အိုစာရဲ့အကြောင်း၊

နင်တို့ ကောင်းကောင်းသိစေရမယ် ..

ငါ့မြေးသွားတစ်ချောင်းကျိုးတာ ၊

နင်တို့ မိသားစုအတွက် မိုးပြိုကျတာထက်ဆိုးသွားပြီ



ဒါကို အရိုးစွဲအောင် မှတ်ထားလိုက်စမ်း "

လို့ ကြုံးဝါးပြီးချာကနဲ လှည့်ထွက်သွားတယ်။

ဒေါ်အိုစာ ထွက်သွားတဲ့အခါ သူကြီးသမီး ကျီးမက..

" ငအေး . . ငအေး . . အမြန်လာစမ်း "

လို့ အိမ်စေတစ်ယောက်ကို အော်ခေါ်လိုက်တယ် ။

ငအေးရောက်လာတဲ့အခါ ကျီးမကဒေါ်အိုစာ ရပ်သွား

တဲ့နေရာကို လက်ညှိုးထိုးရင်း . . .

" ကယ်ပါတွေ ရပ်သွားတဲ့ နေရာကို၊

နွားနို့နဲ့ ဆေးပစ်လိုက်စမ်း . .

အလကား ဘုရားကျွန် . . ကယ်ပါ မျိုးတွေ၊

ကျက်သရေယုတ်တယ် . . "

လို့ စေခိုင်းပြီးခြေဆောင့်နင်း ထွက်သွားတော့တယ်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

သွားတစ်ချောင်းရဲ့ပြဿနာ

ဘာဆက်ဖြစ်မလဲ ...

ငင်ရိုတရောအချိန်တစ်ခု ...

သူကြီးပိုးကောင်တစ်ယောက် အိမ်ထဲခေါက်တုံ့ခေါက်

လမ်းလျှောက်ရင်း ခေါင်းပူမီးတောက် ဖြစ်နေရှာတယ် ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာဘဲ သူကြီးသမီး ကျီးမ ရောက်လာပြီး ...

" အဘ . . ကျုပ်တို့တော့ ကိုယ်ကျိုးနည်းပြီ၊

ဖိုးလုံးကို ဘယ်မှာမှ ရှာလို့ မတွေ့ဘူးတော့ . . "

လို့ မျက်ပြူးဆန်ပြာ ပြောလာတယ် ။

သူကြီးတပည့် ငအေးတို့အုပ်စုက . . .

" ဟုတ်တယ် သူကြီး . . ကျုပ်တို့

တစ်ရွာလုံးနဲ့နေပြီ ဖိုးလုံးကိုမတွေ့ဘူး "

လို့ ဝိုင်းပြောကြတယ် ။

သူကြီးပိုးကောင်ဟာ စိတ်ရှုပ်ထွေးသွားပြီး ...

" ကလေးတစ်ယောက်တောင် မရှာနိုင်ဘူးဆိုတော့

နင်တို့ လူမလုပ်နဲ့တော့ ၊ မြက်စားကြပေါ့ . . မြက်စား[ကြ]

တောက် . . ဒါ . . ဒါ . . ဟိုမိန်းမကြီးလက်ချက်ဘဲ

ဖြစ်ရမယ် . . "

လို့ပြောလိုက်တဲ့အခါ သူကြီးသမီး ကျီးမက ငိုကြီးချက်မ[ ]

" ဘယ် . . ဘယ် မိန်းမကြီးလဲ အဘရယ် ၊



အဲဒါသိရင် မြန်မြန်ပြောစမ်းပါတော် . . "

လို့ စိုးရိမ်တကြီး မေးလိုက်တယ်။

သူကြီးပိုးကောင်ဟာ အံကိုတင်းတင်းကြိတ်ရင်း ..

" ဘုရားကျွန် . . ကယ်ပါမျိုး . . ခေါ်အိုစာ "

လို့ အံကြိတ်သံနဲ့ ပြောလိုက်တယ်။

ဒီအခါမှာ သူကြီးတပည့် ငအေးက . . .

" ဒါ . . ဒါဆို ဖိုးလုံးလေးကို ခေါ်အိုစာကြီး

ပြန်ပေးဆွဲသွားတာပေါ့ . . "

လို့ ဝင်ပြောလိုက်တဲ့အခါ သူကြီးက ငအေး ခေါင်းကို

အုန်း . . ကနဲထုလိုက်တယ်။

" ပြန်ပေးဆွဲတာ မဟုတ်ဘူးဟေ့ ၊

ငါ့မြေးကို မိစ္ဆာမကြီး အသက်နုတ်မှာ .

ဒင်းကျိန်နေတာ မကြားဘူးလား၊

သူ့မြေး သွားတစ်ချောင်းကျိုးတဲ့အတွက်

ငါတို့ တစ်မိသားစုလုံး မိုးပြိုသလို ခံစားရမယ်တဲ့၊

www.burmeseclassic.com

ဟဲ့ ..သမီးကျီးမ ၊ အဘတို့ ဘာလုပ်ကြမလဲ . . ”

“ အဘပြောမှ ကျုပ်သတိရတယ်၊

ဟုတ်တယ် ကျုပ်သားကို ဒေါ်အိုစာ

ဖမ်းထားတာသေချာပြီ၊

သူပြောသလို ကျုပ်ကလေးရဲ့သွားကို

အစိမ်းလိုက် ဆွဲနှုတ်ပစ်လိုက်ရင်တော့

ဘုရား . . ဘုရား . . ကျုပ်တွေးတောင်

မတွေးဝံ့ဘူးအဘရယ်၊

ကျုပ်တို့ကယ်ပါမကြီးဆီ အမြန်သွားရမယ် . . ”

လို့ ပြောရင်းအိမ်အောက်ကို ပြေးဆင်းသွားတယ်။

သူကြီးနဲ့သူကြီးတပည့်တွေလည်း ကျီးမနောက်ပြေး

လိုက်သွားကြတယ် ။

သူတို့အားလုံးရဲ့ရင်ထဲ သောကမီး ဟုန်းဟုန်းတောက်

နေပြီ။

× × × × ×

# အပိုင်း (၄)

“သူကြီးမြေး ဘယ်မှာလဲ”

www.burmeseclassic.com

www.burmeseclassic.com

မီးရှူးတောက်တဲ့ . . ည

“ ဒေါ်အိုစာ . . ဟေ့ . . ဒေါ်အိုစာ

ထွက်ခဲ့စမ်းပါ . . ”

သူကြီးပိုးကောင်ရဲ့အသံကြောင့် ဒေါ်အိုစာရဲ့ ခြံစောင့်ခွေး နစ်ကောင်ဟာ ခြံအနောက်ဖက်က ထွက်လာပြီး “ ဝေါင်း” အနဲ့ ထိုးဟောင်လိုက်ကြတယ် ။

သူကြီးပိုးကောင်တို့ လူစုဟာ အမှောင်ထဲ မီးရှူးမီးလို ထွန်းလုံးတောက်နေတဲ့ ခွေးနက်ကြီးတွေကြောင့်နောက်တွန့် သွားကြတယ်။

ခွေးနက်ကြီးနှစ်ကောင်ဟာ ပိတ်ထားတဲ့ ခြံတံခါးရှေ့ပြီး အဆက်မပြတ်ထိုးဟောင်နေတယ် ။

ဒီအချိန်မှာဘဲ . .

“ ငနီ . . နောက် လာကြစမ်း ”

ဆိုတဲ့ ဒေါ်အိုစာရဲ့ အသံသြကြီးကို ကြားလိုက်ရတယ်။

ဒေါ်အိုစာဟာ မီးအိမ်တစ်ဖက် တောင်ဝှေးတစ်ဖက် ကိုင်ရင်း ခြံဝလျှောက်လာတယ်။

သူကြီးတို့လူစုဟာ ဆံပင်ဖရိုဖရဲနဲ့ စောင်စုတ်ကြီးခြုံလွှမ်း လာတဲ့ဒေါ်အိုစာကိုကြည့်ရင်း ကျောထဲ စိမ့်ကနဲ ဖြစ်သွားတယ်။

သူကြီးတပည့် ငအေးက —

“ သူ . . သူကြီး ၊ ဒီမိန်းမကြီးကို ညဘက်မြင်ရတော

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးတစ်ကောင်လိုဘဲ၊

ကျုပ်သူ့ကို ကြည့်ပြီးကျောစိမ့်လာသလို၊

ခေါင်းမွေးတွေပါ ထောင်လာတယ်ဗျ၊

ကျုပ်တို့ လာခဲ့မိတာ မှားပြီထင်တယ်”

လို့ သူကြီးကို တီးတိုးပြောလိုက်တယ်။

သူကြီးက ငအေးကို တံတောင်နဲ့ တွက်လိုက်ရင်း ငြိမ်ငြိမ်နေဖို့ အချက်ပြလိုက်တယ်။

ဒေါ်အိုစာဟာ ခြံဝရောက်တဲ့အခါ မျက်မှောင် ကြုတ်ပြီး မီးအိမ်ကို မြှောက်ကြည့်လိုက်တယ်။

မီးအိမ်ရဲ့ အလင်းရောင်အောက်မှာ သူကြီးတို့ လူစုရဲ့ မျက်နှာတွေကို ထင်းကနဲ မြင်လိုက်ရတယ် ။

“ဩ . . ငါက ဘယ်သူတွေများလဲလို့ ၊

လူဟုတ်ရဲ့ တိရစ္ဆာန်တွေကိုး၊

သွား . . သွား၊ ဒါလူနေတဲ့နေရာ ..

တိရိစ္ဆာန်နေတဲ့ တောမဟုတ်ဘူး . . ထွက်သွားကြ . .



ဒေါ်အိုစာရဲ့ မောင်းနှင်ထုတ်မှုကြောင့် သူကြီးသမီး ကျီးမဟာ ဆွေ့ဆွေ့ခုန်သွားပြီး

“ရှင် . . မိုက်ရိုင်းလှချည်းလား ၊

သူကြီးသမီးကျီးမတဲ့ .. တစ်ခေါ်ဘဲရှိတယ်..

ခြံတံခါးဖွင့်စမ်း . . ”

လို့ ဒေါသတကြီး ပြောလိုက်တဲ့အခါ . .

ဒေါ်အိုစာက . .

“နင်က ကျီးမ . . နင့်အဖေက ဗိုးကောင် ၊

နင်တို့တစ်မျိုးလုံး တိရစ္ဆာန်တွေချည်းဘဲ ၊

နာမနေနဲ့ဟဲ့ . . ဒါ . . ငါ့အိမ် ၊

တောတွင်းတိရိစ္ဆာန်တွေ လာရမယ့်နေရာ

မဟုတ်ဘူးဟေ့ . . ”

လို့ ထပ်မံပြောလိုက်တယ်။

“ဒေါ်အိုစာ . . ခင်ဗျားကြီး သိပ်လွန်နေပြီနော်

ဘယ်မှာလဲ ကျုပ်မြေး . . ခုချက်ချင်းခေါ်ပေး . . ”

www.burmeseclassic.com

www.burmeseclassic.com

သူကြီးပိုးကောင်ရဲ့ စကားကြောင့် ဒေါ်အိုစာက

ဟားတိုက်ရယ်မောလိုက်ရင်း . .

" ဟား . . ဟား . . ဟား . . တယ်လည်း တရားကျတဲ့

လူတွေဘဲ .. နင့်မြေးကို ငါ့အိမ်ခေါ်ပြီး၊

ထမင်းကျွေးလောက်အောင်ငါ့မှာ သဒ္ဓါစိတ် မရှိဘူး၊

ကျက်သရေမဲ့တဲ့တိရိစ္ဆာန်မျိုးတွေ ခုချက်ချင်း

လှည့်ပြန်စမ်း . . "

လို့ အသံသြကြီးနဲ့ အော်ဟစ်လိုက်တယ် ။

ဒီစကားကြောင့် သူကြီးဟာ ဆွေ့ဆွေ့ခုန် မတတ်

ဒေါသထွက်သွားပြီး . . .

" ကျုပ်ကို တိရိစ္ဆာန်မျိုးလို့ မပြောနဲ့ ၊

ကျုပ်မိဘတွေက ကျုပ်ကို ချစ်စနိုးနဲ့

ပိုးကောင်လို့ ခေါ်ခဲ့တာဗျ၊တိရိစ္ဆာန်မျိုးမဟုတ်ဘူး၊

ဒီနယ်တစ်ကြောမှာထန်းတောတွေ လက်ညှိုးထိုး

မလွဲအောင်ပိုင်ဆိုင်တဲ့ သူကြီးဗျ . . . သူကြီး ၊ ခင်ဗျာ

ကျုပ်မြေးကို ဖမ်းထားတယ် . . ဘယ်မှာလဲကျုပ်မြေး

မဟုတ်လို့ကတော့ . . ခြံ တံခါးဖျက်ပြီး

ဝင်ရှာရလိမ့်မယ် . . "

လို့ ပြောလိုက်တယ် ။

သူကြီးရဲ့ မာန်ဝံ့တဲ့စကားကြောင့် ဒေါ်အိုစာဟာ တောင်

ကို " ဒုန်း " ကနဲ ဆောင့်ချလိုက်တယ် . .။

ဒီအချိန်မှာဘဲ ခွေးနက်ကြီးနှစ်ကောင်ဟာ " ဝေါင်း " ကနဲ

ဟောင် လိုက်ကြတယ် ။

ခွေးဟောင်သံအဆုံးမှာဘဲ " ဂျိမ်း " ကနဲ မိုးခြိမ်းသံ နဲ့အတူ

ပ်စစ်တွေ ကောင်းကင်ပေါ် ဖျပ်ကနဲ လက်သွားတယ် ။

သူကြီးတပည့်တွေဟာ ဒီဖြစ်စဉ်ကို သတိပြုမိသွားပြီး

ကြီးနှားကို ကြောက်အားတကြီး ပြေးကပ်လိုက်ကြတယ် ။

ဒေါ်အိုစာကလည်း သူကြီးတပည့်တွေရဲ့ အခြေအနေကို

ားမိသွားတယ်။

ဒါကြောင့် . . သူတို့အားလုံးကို လက်ညှိုးငေါက် ငေါက်



www.burmeseclassic.com

www.burmeseclassic.com

ထိုးပြီး . .

" ခု . . ချက် . . ချင်း . . ငါ့ခြံရှေ့ကထွက်သွားကြ

ဒီအိမ်ထဲမှာ တိရိစ္ဆာန်မျိုးဆိုလို့ . . ငါနဲ့ နေက်ဘဲ ရှိတယ်

ဒါကို နားမထောင်ဘဲ ဆက်လုပ်နေမယ်ဆိုရင် . .

ငါ့ရဲ့ မမြင်အပ်တဲ့အစောင့်အရှောက်တွေနဲ့

တိုက်လွှတ်ပစ်ရ လိမ့်မယ် . . ကဲ . . ဘယ်လိုလဲ . .

လို့ အသံဩကြီးနဲ့ တစ်ခွန်းချင်း ပြောလိုက် တယ်။

ခေါ်အိုစာရဲ့ ခြောက်လှန့်စကားကြောင့် သူကြီး တပ

ငအေးက ..

" သူ . . သူကြီး ၊ အဘွားကြီးရဲ့ အသံက မကောင်းဆိုး

မှုံးသလိုကြောက်စရာကြီးပါလား၊

ကျုပ်တို့ကို သူမွေးထားတဲ့ သရဲတွေနဲ့ တိုက်ရင်

ခုတွေ့မဲ၊ ကျုပ် ကျုပ်တို့ ဖြန်မှ ဖြစ်မယ် . . "

လို့ကတုန်ကယင် ပြောလိုက်တယ်။

ငအေးရဲ့စကားကြောင့် သူကြီးဟာ ဘာလုပ်ရမှန်း



သိအောင်တွေဝေသွားတယ်။

ဒီအချိန်မှာဘဲ . . .

" သူကြီး . . ဖိုးလုံးကို ပြန်တွေ့ပြီဗျို့ . .

တောစပ် ထိသွားပြီး ငုက်ပစ်တာလေ၊

ကျုပ်တို့ရောက်တော့ ကျောက်တုံးပေါ်မှာ

အိပ်ပျော်နေတာ တွေ့တယ် .. ဒါ ..ဒါပေမယ့် ..

ဖိုးလုံး သွားကျိုးသွားတယ် . . "

လို့ ရွာသားတစ်ယောက်က ပြေးလာရင်းပြောတယ် ။

" ဘာ .. ငါ့ မြေးသွားကျိုးသွားတယ်ဟုတ်လား၊

ဘာလို့ကျိုးရတာလဲကွ "

သူကြီးရဲ့ မျက်မှောင်ကြုတ်အော်လိုက်တဲ့အသံကြောင့်

သားဟာ လန့်ဖျပ်ပြီး . . .

" ဖိုးလုံးပြောတာတော့ . . တောစပ်မှာ ပြေးရင်း

လဲကျလို့ ကျိုးတယ်ဆိုဘဲ၊ သွေးမတိတ်လို့ ကျုပ်တို့

တောင် မနည်းလုပ်ပေးလိုက်ရတယ် . . "

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြန်ပြောတယ် ။

ရှားသားရဲ့ စကားကြောင့် ကျီးမဟာ ရင်ဘတ်ဖိရင်း

"အမယ်လေးတော် .. ကျုပ်သားလေးတော့

ကိုယ်ကျိုးနည်းပါပြီ ၊ သားရေ .. မိုးလုံး "

လို့ကယောင်ခြောက်ခြားရေရွတ်ပြီး ပြေးထွက်သွားတယ်၊

သူကြီးပိုးကောင်တစ်ယောက် အံကိုတင်းနေအောင်ကြိတ်

ရင်း ..

" ဒေါ်အိုစာ .. ဒါဟာ ခင်ဗျား ကျိန်လို့ ဖြစ်တာဘဲ၊

ခင်ဗျားကို ကျုပ်လုံးဝမကျေနပ်ဘူး၊

ခင်ဗျားဟာ ကယ်ပါမကြီးမဟုတ်ဘူး၊

ကဝေမကြီး .. "

လို့ မကျေမနပ် ရေရွတ်ပြီး လှည့်ထွက်သွားတယ်။

ဒီအခါမှာ ဒေါ်အိုစာက ခြံတံခါးကို ဆတ်က

ဖွင့်လိုက်တယ်။

ခြံစောင့်ခွေးနက်ကောင်ဟာ " ဝုန်း " ကနဲပြေးထွက်သွား



သူကြီးတို့ကို လိုက်ဆွဲတော့တယ်။

ခွေးနက်ကောင်ရဲ့လိုက်ဆွဲမှုကြောင့် သူကြီးတို့လူစုဟာ

ရုန်းသုန်းကား ဖြစ်ကုန်တယ်။

ဒေါ်အိုစာဟာတောင်ဝှေးကိုဆုပ်ကိုင်ရင်း ရင်ခေါင်းသံ

ကြီးနဲ့ ဟားတိုက်ရယ်မောလိုက်တယ်။

" ဟား .. ဟား .. ဟား .. "

× × × × ×

## မအိုစာရဲ့ကာလောင်ချွဲ

– ချမ်းမြေ့သရဖီလှိုင် (စုံထောက် .. တက်ကျွ

– သူယောင်မယ် (ကိုတ်လန့်ခြောက်ခြားမှု)

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

## အုန်းတောရွာမှာအာဆက်ဖြစ်မလဲ ..

ယမိုက်ည..

ဒေါ်အိုစာတို့ မြေးအဖွားဟာ မီးအိမ်လေးကို ငြိမ်းသတ်ပြီး အိပ်ရာဝင်ခဲ့ကြတယ်။

အိပ်ရာထဲ ရောက်တဲ့ အခါ အိုပြည့်လေးက ..

“အဘွား .. ကျုပ်တို့ကို လူတွေကဘာလို့ ကယ်ပါဦး

www.burmeseclassic.com

www.burmeseclassic.com



ပြောကြတာလဲဟင် . . "

လို့ မေးလာတယ် ။

အိုပြည့်လေးရဲ့စကားကြောင့် ဒေါ်အိုစာကသက်ပြင်း

ရှင်း ..

" ဒီအကြောင်းတွေ အစအဆုံးပြောရင်

ငါ့မြေး နားလည်မှာ မဟုတ်ဘူး ၊

အဘွားတို့ဟာ မျိုးရိုးစဉ်ဆက်ဘုရားရဲ့

ဝေယျာဝစ္စကို လုပ်ကိုင်ခဲ့ရတယ် ..

တကယ်တော့ အဘွားတို့ရဲ့ ဘဝဟာ ..

ကျိန်စာသင့်လူသားတွေပါဘဲ . .

အဘွားတို့ဟာဘယ်လောက်ပဲ ငွေကြေးချမ်းသာပါ

စေတီအနေနဲ့တော့ . . ဘုရားမှာ တောင်းရမ်းနေရမှာ တယ်။

ဒါတွေငါ့မြေးမသိချင်ပါနဲ့ကွယ်၊

ငါ့မြေးကြီးလာရင်လည်း ဒီအလုပ်ကိုမပျက်မကွက် တယ်။

ဆက်လုပ်ရလိမ့်မယ်၊ဒါဟာကြီးမားတဲ့

တာဝန်တစ်ခုဖြစ်သလို .. အစဉ်အဆက်လုပ်ရမယ့်

အလုပ်တစ်ခုလည်းဖြစ်တယ်၊သူများတွေ ဘာပြောပြော

ငါ့မြေးအားငယ်စရာမလိုဘူး၊

လူဆိုတာ ကိုယ့်အလုပ်ကိုယ်လုပ်ရမယ်၊

ကိုယ့်အကြောင်းကို ကိုယ်ကလွဲပြီး၊

ဘယ်သူမှ ပိုမသိနိုင်ပါဘူး မြေးရယ် . .

ဒီဘဝမှာ ဒီလိုဖြစ်ဖို့ အကြောင်းကပါလာပြီကိုး၊

ကဲ . . ကဲ ညဉ့်နက်နေပြီ .. မြေးလေးအိပ်ချေတော့ "

လို့ပြောပြီး အိုပြည့်လေးကို ချော့သိပ်လိုက်တယ်။

ခဏကြာတော့ အိုပြည့်လေး အိပ်ပျော်သွားတယ်။

ဒီအချိန်မှာဘဲငနီတို့ရဲ့ထိုးဟောင်သံကိုကြားလိုက်ရ

ဒေါ်အိုစာလည်း စိတ်ထင့်သွားပြီး အိပ်ရာကထလိုက်

ပြီးတော့ မီးအိမ်ကို ထွန်းညှိပြီး တဲအိမ်လေးပေါ

www.burmeseclassic.com



ထိတ်တဆိတ် ဆင်းခဲ့တယ်။

ဒီအခါမှာတော့ ခြံစည်းရိုးစပ်မှာ အတုံးအရုန်း သေနေတဲ့ ခွေးနှစ်ကောင်ကို တွေ့လိုက်ရတယ်။

ဒေါ်အိုစာဟာ မျက်လုံးအစုံ ပြူးကျယ်သွားပြီး ...

"ဘုရား . . ဘုရား ၊ ငါ့ခွေးတွေ

အဆိပ်ခတ်ခံလိုက်ရပြီ .. ဒါ .. ဒါ

သူကြီးစုတ် လက်ချက်ဘဲ ဖြစ်ရမယ် . .

ငနီ . . နေက်ဟာ ငါသားလိုချစ်တဲ့ ခွေးတွေ ..

ငါ့သားတွေကိုအဆိပ်ခတ်တဲ့ သူကြီးစုတ်၊

တွေ့ကြသေးတာပေါ့"

လို့ ကြုံးဝါးလိုက်တယ် ။

ဒေါ်အိုစာဟာ စိတ်မကောင်းစွာဘဲ ခွေးသေနှစ်ကောင်ကို ဒရွတ်ဆွဲပြီးခြံအနောက်ကို ထွက်ခဲ့တယ်။

ခြံအနောက်ရောက်တော့ မြေကျင်းတူးပြီး ခွေးသေကို မြေမြှုပ်လိုက်တယ်။

မြှုပ်ပြီးတဲ့အခါ ဒေါ်အိုစာဟာ မြေပုံကို စိတ်မကောင်းကြီးစွာ ငေးကြည့်နေချိန်မှာဘဲ . . .

"အူး . . အူး . . အူး . " ဆိုတဲ့ ခွေးအူသံကြီးကို ကြားလိုက်ရတယ်။

ဒေါ်အိုစာဟာ လေးလံတဲ့ခြေလှမ်းနဲ့ တဲအိမ်လေးရှိရာ ပြန်လျှောက်ခဲ့တယ်။

သူ့ရင်ထဲမှာတော့ သူကြီးပိုးကောင်အပေါ် အမုန်းမီးပွားတွေ တဖွားဖွားကျနေပြီ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

## ဒေါ်အိုစာ ဘာလုပ်မှာလဲ ..

စိတ်တစ္ဆေ . .

သူကြီးပိုးကောင်တစ်ယောက် မှန်ရှေ့ရပ်ရင်းခေါင်းဖြီးဖို့မြင်နေချိန် ..

မှန်ထဲကြည့်လိုက်တော့ ဒေါ်အိုစာရဲ့ ဟားတိုက်ရယ်မောနေတဲ့မျက်နှာကြီးကို ဖြုန်းကနဲ မြင်လိုက်ရတယ်။

သူကြီးဟာ လန့်ဖျပ်ပြီး ' အား 'ကနဲအော်သံနဲ့အတူနောက်ကို ခုန်ဆုတ်လိုက်တယ် ။

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာဘဲ သူကြီးသမီး ကျီးမရောက်လာပြီး ..

" အဘ . . ဘာဖြစ်တာလဲ "

သူကြီးက သမီးဖြစ်သူကို မျက်လုံးပြူးကြီးနဲ့ကြည့်ရင်း ..

" ကယ် . . ကယ်ပါမကြီး ငါ့ကိုခြောက်တယ် "

လို့ပြောလိုက်တယ် ။

ဖခင်ရဲ့စကားကြောင့် ကျီးမက . .

" ကယ်ပါမကြီးက ခြောက်ရအောင်

သေမှ မသေသေးဘဲ ၊ လူကဘယ်လိုလုပ် ခြောက်မလဲ

အဘရယ် "

လို့ ပြောလိုက်တဲ့အခါ သူကြီးက ..

" ဒင်းဟာ မိစ္ဆာမကြီးဘဲ . . ငါ့ကို မကျေနပ်လို့

ခြောက်လှန့်တာဘဲဖြစ်ရမယ် . . ရုပ်ခွဲ . နာမ်ခွဲ အတတ်

ပညာတွေနဲ့များ ငါ့ကို ပြုစားနေပြီလား "

လို့ ရေရွတ်လိုက်တယ်။



ကျီးမဟာ ဖခင်ရဲ့ ကယောင်ခြောက်ခြား အမူအရာကို

ကြည့်ရင်း ..

" အင်း . . အဘကတော့ ဒေါ်ဆိုစာကို

နေရင်းထိုင်ရင်း ကြောက်နေပြန်ပြီ၊

ဒင်းဟာ ကယ်ပါမကြီးဘဲ .. ကယ်ပါမတစ်ယောက်က

အစွမ်းမရှိပါဘူး အဘရယ်၊

ကျုပ်အထင်တော့ အဘသူ့ရဲ့ စကားတွေကို

စိတ်စွဲပြီးကြောက်နေတာဘဲဖြစ်ရမယ် ..

ကဲပါ . . အဘရယ် ထန်းတောသွားမလို့ မဟုတ်လား၊

အောက်မှာလှည်း အဆင်သင့်ဖြစ်နေပြီ . . "

လို့ ပြောလိုက်တယ်။

သူကြီးဟာ သမီးဖြစ်သူရဲ့ စကားကြောင့် ကယောင်

ခြောက်ခြား အမူအရာနဲ့ အိမ်အောက်ပြေးဆင်းသွားတယ် ။

ပြီးတော့ . . ငအေး ပြင်ထားတဲ့ လှည်းပေါ်ထက်ပြီး

ထန်းတောဘက် ထွက်ခဲ့တယ် ။

www.burmeseclassic.com

www.burmeseclassic.com

သူကြီးရဲ့ အခန်းထဲမှာတော့ ကြောက်မက်ဖွယ် အသံကြီးနဲ့ ခေါ်အိုစာရဲ့ မျက်နှာကြီးကပျောက်မရနိုင်အောင် ဖြစ်နေတယ်။

ထန်းတောရောက်တဲ့အခါထန်းတောစောင့် လင်မယားကို မတွေ့ရဘူး။

ဒါကြောင့် သူကြီးဟာ ငအေးနဲ့အတူ ထန်းတောစောင့်တဲလေးမှာ ထိုင်ပြီးစောင့်နတယ်။

အတော်ကြာအောင် စောင့်စားပေမယ့် လူရိပ်တောင် မမြင်ရဘူး ။

ဒါကြောင့် စိတ်မရှည်တော့ဘဲ . .

" ငအေး . . အော်ခေါ်ကြည့်စမ်းကွာ . .

ထန်းတောမှာမရှိဘဲ ဘယ်တွေသွားနေကြလဲမသိဘူး၊

ငါ့မှာ အလုပ်တွေ ရှိသေးတယ် . . "

လို့ ပြောလိုက်တယ်။

သူကြီးရဲ့ စကားကြောင့် ငအေးဟာ ထန်းတောစောင့် လင်မယားကို အော်ဟစ်အသံပြုရင်း ရှာပုံတော် ဖွင့်ခဲ့ရတယ် ။



" ဗျို့ . . ကိုဖိုးတုတ် . . မညို . .

ဘယ်ရောက်နေကြတုံးဗျ . . "

ငအေးဟာ တစာစာခေါ်ရင်း ထန်းတောအနှံ့လိုက်ရှာ ယ်။

သူကြီးကတော့ ထန်းတောစောင့်တဲမှာ ထိုင်ရင်း ရစ်ခဲ့ရှာတယ်။

ဒီအချိန်မှာဘဲ . . သူကြီးရဲ့ မလှမ်းမကမ်း ချုံပုတ်ထဲက ာနဲ့ပေါ်လာတဲ့အရာကို မြင်လိုက်ရတယ်။

သူကြီးလည်း လန့်ဖျပ်ပြီး " ဟဲ့ . . သော်ကပလုတ် " လို့ ယောင်အော်လိုက်တယ်။

" သူ . . သူကြီးမင်း၊

ကျုပ်တို့ အခြေအနေ မကောင်းတော့ဘူး . . "

ချုံပုတ်ထဲက ထွက်လာတဲ့ဖိုးတုတ်က မျက်နှာရှုံ့မဲ့ရင်း လိုက်တဲ့အခါ သူကြီးက . .

" ဟေ့ကောင် . . . ဖိုးတုတ် . .

www.burmeseclassic.com

www.burmeseclassic.com



ငါဒီလောက်ခေါ်နေတာ မင်းတို့က

မကြားချင်ယောင်ဆောင်ပြီး ပုန်းနေကြတယ်ပေါ့၊

သူကြီးပိုးကောင်သိပ်စိတ်ကြီးတယ်နော်၊

အလုပ်ဖြုတ်ပစ်လိုက်မယ်၊ ဘာမှတ်သလဲ . . ”

လို့ ကြုံးဝါးချိန်မှာဘဲ ချုံပုတ်ထဲကမီညို ထွက်လာပြီး

“ မဟုတ်ဘူး သူကြီး . .

ကျုပ်တို့ ဝမ်းပျက်နေကြတယ်ရှင့် ၊

အရှုရာယ်ကို ဘယ်လိုမှ လွယ်မထားနိုင်လို့ ချုံတိုးနေ

အ . . အမယ်လေး . . ဗိုက်ထဲရစ်လာပြန်ပြီ ၊

ကိုဖိုးတုတ်ရေ ကျုပ် ဆက်တိုးမှ ဖြစ်မယ်တော့် . .

လို့ ညည်းညူရင်း ချုံထဲ ပြန်ဝင်သွားတယ် ။

သူကြီးတပည့် ငအေးက ဖိုးတုတ်တို့ လင်မယားကို

ရင်း ..

“ မဟုတ်မှလွဲရော .. ဒင်းတို့နှစ်ယောက်၊

ထန်းသီးတွေနင်းကန် ခိုးစားထားလို့ ဖြစ်မယ်၊

ဒါကြောင့် ဝမ်းပျက်နေကြတာ၊

သူတို့ ထန်းသီးခိုးစားတယ် သူကြီး . . ”

လို့ သူကြီးကို တိုင်တန်းလိုက်တယ် ။

ဒီအချိန်မှာဘဲ ထန်းတက်သမားတစ်ယောက်လာ ပြီး . .

“ သူကြီး . . သူကြီး၊ ကျုပ်တို့ကို ဆေးဆရာ

ခေါ်ပေးတော့ဗျို့ . . ကျုပ်တို့အားလုံး ဝမ်းပျက်နေကြပြီ”

လို့ အားမရှိတဲ့ လေသံနဲ့ပြောတယ်။

ထန်းတက်သမားတွေရဲ့ စကားကြောင့်သူကြီးတစ်

ယောက်အကြီးအကျယ်တုန်လှုပ်သွားတယ်။

ပြီးတော့ ဆတ်ကနဲထရပ်လိုက်ရင်း . .

“ ငအေး . . လှည်းပေါ်အမြန်တက်

ထန်းတောမှာ ပုလိပ်ရောဂါဆိုးကြီး ကျနေပြီး ”

လို့ ရေရွတ်ပြီး လှည်းပေါ် ခုန်တက်လိုက်တယ်။

“ သူကြီး . . သူကြီး နေအုံးလေဗျာ . .

ဟာ .. တော်တော် အားကိုးရတဲ့ သူကြီးဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ဝမ်းသွား တာနဲ့ ကြောက်လန့်ပြီး ပြေးပြီ၊

အင်း . . ဒီလိုသူကြီးနဲ့သာဆို ၊

ကိုရှာရဲ့ အနာဂတ်တယ်မလွယ်ဘူးဘဲ . . "

လို့စိတ်ပျက်လက်ပျက် ရေရွတ်လိုက်တယ် ။

သူကြီးရဲ့ နွားလှည်းကတော့ ဖုန်တထောင်းထော

ထအောင် မောင်းနှင်ရင်း ရွာဘက်ထွက်သွားတော့တယ်။

× × × × ×

## မဒီဇာရဲ့ကာလပေါင်ခွဲ

- ချမ်းမြေ့သရဖီလှိုင် (စုံထောက် .. တက်ကျ

- သုယောင်မယ် (ထိတ်လန့်ခြောက်ခြားဖွယ်)

# အပိုင်း (၇)

ကပ်ဆိုး ..

www.burmeseclassic.com

www.burmeseclassic.com



သူကြီး ပိုးကောင်ဟာချက်ချင်း တစ်ရွာလုံးမောင်းထု ခေါ်လိုက်တယ်။

ရွာသားတွေလည်း ဘုမသိဘမသိနဲ့ သူကြီးအိမ်ကို စုပြုံရောက်လာကြတယ်။

သူကြီးဟာ စိတ်လှုပ်ရှားစွာနဲ့ ...

"အားလုံးကို တိုတိုနဲ့ လိုရင်းဘဲပြောမယ်၊

မနက်က ကျုပ်ထန်းတောကို ရောက်ခဲ့တယ်၊

ထန်းတောရောက်တော့ ဖိုးတုတ်တို့

လင်မယားကို မတွေ့ဘူး ... ကျုပ်လည်းငအေးကို

ထန်းတောအနံ့ ရှာခိုင်းတယ် .."

လို့ ပြောနေစဉ်မှာဘဲ ကာလသား တစ်စုကသူကြီး ရဲ့စိတ်မရှည်ဟန်နဲ့ ...

"သူကြီး ... ကျုပ်တို့မှာ အလုပ်ရှိသေးတယ်၊

လိုရင်းကိုပြောဗျာ၊အချိန်မရှိဘူးဗျို့ .."

ဆိုတဲ့ အသံတွေထွက်လာတယ်။

ရွာသားတွေရဲ့ စကားကြောင့် သူကြီးပိုးကောင်ဟာ အကြောကြီးတွေ ထောင်သွားရင်း ...

"တိတ်စမ်း ... ငါက သူကြီးကွ၊

မင်းတို့ မိကျောင်းမင်း ရေခင်းပြစရာမလိုဘူး ...

ထန်းတောကလူတွေ အားလုံး ဝမ်းရောဂါဖြစ်နေပြီ၊

မကြာမီရွာထဲပျံ့လာလိမ့်မယ်၊

အားလုံးအစားအသောက်အနေအထိုင် ဆင်ခြင်ကြ ...

ဒါဘဲ"

လို့ပြောပြီး အိမ်ပေါ်ကို ခြေကျမ်းနှုန်းကြီးနဲ့တက်

www.burmeseclassic.com

သွားတော့တယ်။

"ဟာ . . ဒါဆိုရင်တော့ ဒုက္ခပါဘဲ၊

ကျုပ်တို့ ထန်းရည်သောက်စရာ ဘုံပျောက်သွားပြီပေါ့

ရွာမှာ ကပ်ဆိုက်ပြီဆိုရင် ဘယ်နည်းနဲ့မှ

ဆက်နေလို့ မရဘူး၊ အမြန်ပြောင်းရမယ် . . "

လို့ ရေရွတ်ကြသလို . .

"ဒါဆို . . ထန်းသမားတွေကို

ရွာထဲအဝင်မခံနဲ့ . . ရွာစပ်မှာ ကျုပ်တို့

ကာလသားအဖွဲ့က အလှည့်ကျကင်းစောင့်မယ်..

ထန်းသမားတွေ ရွာထဲ ဝင်တာနဲ့ မောင်းထုတ်ပစ်၊

ရွာကထွက်သွားဖို့တော့ မဖြစ်ဘူး၊ နွားတွေလယ်တွေ

ရှိသေးတယ်ဗျို့ . . "

လို့ပြောကြသလို . .

"ကပ်ဆိုက်တယ်ဆိုတာ ရွာတော်ရှင်တွေ

မကျေနပ်လို့ ကိုင်တာဘဲဖြစ်မယ်၊

စားတောတစ အစုံအလင်နဲ့ ရွာတော်ရှင်၊

ပသပွဲ လုပ်ရမယ် . . "

"ငါ့အထင်တော့ ကယ်ပါမကြီး ဒေါ်အိုစာက

သူကြီးကို မကျေနပ်လို့ တိုက်လိုက်ပြီထင်တယ်ဟေ့"

ဆိုတဲ့အသက်ကြီးပိုင်း တစ်ချို့ရဲ့အသံတွေကထွက်လာ

တယ်။

ရွာသားတွေအားလုံးသူကြီးပိုးကောင်ရဲ့ စကားတစ်ခွန်း

ကြောင့် ပွက်လောရိုက်ကုန်ကြတယ်။

တစ်ချို့ရွာသားတွေဟာ အိမ်ကိုကမန်းကတန်း ပြန်ပြေးပြီး

အထုပ်အပိုးတွေ ပြင်ကုန်တယ်။

ဒီအချိန် သူကြီးရဲ့ အိမ်ပေါ်မှာတော့ . .

"တို့ရွာဟာ တခြားရွာတွေနဲ့ ဝေးတဲ့

ရွာတစ်ရွာဘဲ . . ဘာကြောင့်ထန်းတောက

လူတွေ ကပ်ဆိုက်သလဲ . . "

သူကြီးပိုးကောင်ရဲ့ ကုလားထိုင်ပေါ် ကျောမှီရင်း

www.burmeseclassic.com

www.burmeseclassic.com


ပြောလိုက်တဲ့စကားကြောင့် အေးက . .

" ဝမ်းပျက်တာဘဲ သူကြီးရာ၊ အစားအသောက်
မဆင်ခြင်လို့ ဖြစ်မှာပေါ့ . . ဒါများ အရေးတယူလုပ်ပြီး
ပြောနေရတယ်လို့ . . သူကြီးလုပ်တာနဲ့ ရွာသားတွေ
ကြောက်လန့်ကုန်ပြီဗျ . . "

လို့ ပြောချလိုက်တယ်။

သူကြီးဟာ အေးရဲ့ စကားကြောင့် ဒေါသထွက်သွားပြီး

" တိတ်စမ်း . . မင်းအိုးအေတွေ ဝမ်းပျက်တာ
တစ်ယောက်ထဲမဟုတ်ဘူး ..
ထန်းတောမှာ ရှိသမျှ လူအားလုံးဖြစ်နေတာကွ၊
ဒါဟာ အန္တရာယ်ရှိတယ်၊ဒါကြောင့် ..
တစ်ရွာလုံးကိုခေါ်ပြီး သတိပေးခဲ့တာ . .
မင်းဘာနားလည်လဲ "

လို့ ပြောလိုက်တယ်။

ဒီအချိန်မှာဘဲ သူကြီးသမီး ကျီးမရောက်လာပြီး
မျက်ကလူးဆန်ပြာ အမူအရာနဲ့ . .

" အဘ . . အဘ . . ကျုပ်သားလေး ဝမ်းတွေ ဒလဟော
သွားနေတယ် . . ဘာ . . လုပ်ကြမလဲ . . "

လို့ပြောတယ်။

သမီးဖြစ်သူရဲ့ စကားကြောင့် သူကြီးဟာ အကြီးအကျယ်
ထိတ်လန့်သွားပြီး . .

" ဗုဒ္ဓေါ . . ထန်းတောက ရောဂါဆိုးကြီးက
ငါ့မြေးဆီ ရောက်လာပြီ ၊ အေး . . ဆေးဆရာသွားပင့်
စမ်း . . အမြန်သွား . . "

လို့ အော်ဟစ်စေခိုင်းလိုက်တယ် ။

ပြီးတော့ မြေးဖြစ်သူရှိရာ အခန်းထဲကို ပြေးဝင်ခဲ့တယ်။

ဖိုးလုံးတစ်ယောက် .. အားအင်ဖျော့တော့တဲ့ မျက်လုံး
တွေနဲ့ အိပ်ရာပေါ်မှာ ခွေခွေလေး လှဲနေတယ်။

သူကြီးဟာ ဖိုးလုံးကို စိတ်မကောင်းစွာကြည့်ရင်း တစ်စုံတစ်ခုကို
သတိရသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်လုံးထဲမှာဒေါ်အိုစာရဲ့ ဟားတိုက်ရယ်မောသံ[illegible] ကိုမြင်ယောင်နေတယ် ။

" သမီး . . ကျီးမ . . ငါ့မြေး ဝမ်းရောဂါဖြစ်တာ
ကယ်ပါမ ဒေါ်အိုစာကြောင့် ဖြစ်ရမယ် ..ခင်း .. ခင်း
ငါတို့ကို ခြံဝမှာရပ်ပြီး၊ ကျိန်သွားတဲ့စကားကို ..
ငါမှတ်မိတယ်၊ ဖိုးလုံးလေးဟာ ဒီအိမ်ရဲ့
အိမ်မွဲလည်းလေး၊ဖိုးလုံးသာ တစ်စုံတစ်ခုဖြစ်ခဲ့ရင် ..
ငါတို့ ခေါင်းပေါ်ကို မိုးပြိုကျသလို ခံစားရမှာ၊
ငါ . . ငါတို့ ဘာလုပ်ကြမလဲ . . "

သူကြီး ပိုးကောင်ဟာ သမီးဖြစ်သူ ဘက်လှည့်[illegible] မေးလိုက်တယ် ။

ဖခင်ရဲ့စကားကြောင့် ကျီးမဟာ ဆတ်ကနဲတုန်သွား တယ်။

သူ့မျက်နှာမှာ သားအောကပ်တဲ့ တုန်လှုပ်ခြောက်ခြားမှု[illegible] အထင်းသား ..



" ဖြစ် . . ဖြစ်နိုင်ပါ့မလား အဘရယ် . .
ဒေါ်အိုစာက ကယ်ပါတစ်ယောက်ဘဲ..
ဒီလို အစွမ်းရှိနိုင်ပါ့မလား၊
ပြီးတော့ . . ထန်းတောက လူတွေလည်း
ဝမ်းပျက်နေကြတာဘဲ . . ကျုပ်တော့
မဖြစ်နိုင်ဘူး ထင်တယ် . . "
ကျီးမရဲ့ စကားကြောင့် သူကြီးဟာအနားတိုးကပ်သွား

" ဒေါ်အိုစာရဲ့ အဘွားဟာ ပညာသည်လို့ ၊
အဘငယ်ငယ်က ကြားဖူးတယ် . . ပြီးတော့ . .
သူ့အမေတုန်းကလည်း ဒီလိုဘဲ၊
သူမကျေနပ်တဲ့လူကို မြွေနဲ့တိုက်လွှတ်သတဲ့ . .
ဟိုတုန်းကရွာထဲမှာ ဒေါ်အိုစာ့ အမေကို ၊
ယုံကြည်ကိုးကွယ်သူတွေ ရှိခဲ့ဖူးတယ် . .
သူ့ အမေဟာ လင်ကွဲ မယားကွဲကိစ္စနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုက်အခိုက် ဖြေ ရှင်းပေးတဲ့နေရာမှာ

သူမတူအောင် စွမ်းတယ်လို့ အရပ်က ပြောခဲ့ဖူးတယ်၊

ဒီတော့ ဒေါ်အိုစာလည်းဒီပညာတွေ တတ်မှာဘဲ . .

ဖိုးလုံးလေးကြောင့် သူ့မြေးသွားကျိုးတာ၊

ဒင်းကျေနပ်ပုံမရဘူး ၊ အဘတို့ကိုလည်း မိုးပြိုကျသလို

ခံစားစေရမယ်လို့သူကြိမ်းဝါးခဲ့တယ်၊

ဒါတွေကို ဆက်စပ်ကြည့်ရင် . . . ဒင်းစနက်ဘဲ ၊

အဘတွေးရိုင် ပြေးကြည့်တာထက် မှန်တတ်တယ် . .

သမီးရဲ့ . . ”

လို့ လေသံတိုးတိုး ပြောလိုက်တယ် ။

ဖခင်ရဲ့ စကားကြောင့် ကျီးမဟာ ဇဝေဇဝါ ဖြစ်သွားတယ်

သူမမျက်လုံးထဲမှာ အသံဩကြီးနဲ့ ကြိမ်းဝါးခဲ့တဲ့

ဒေါ်အိုစာ့ မျက်နှာကြီးကို ပြန်မြင်လာတယ် . .

ဒါကြောင့် ဖခင်ကို အထိတ်တလန့် ကြည့်ရင်း . .

“ ဒါ . . ဒါဆို ၊ ကျုပ်တို့ ဘာလုပ်ကြမလဲ . .



ကျုပ်ဘဝမှာ လင်ကလည်း ရှိတော့တာမဟုတ်ဘူး ၊

သား သားလေးပါ ကျုပ်ဘဝထဲက

ထွက်သွားမယ်ဆိုရင် . . ”

လို့ ရှေ့ရှုတ်ပြီး ချုံးပွဲချ ငိုချလိုက်တယ်။

သူကြီးပိုးကောင်ဟာ ကျီးမကို စိတ်မကောင်းစွာ ကြည့်ရင်း

ခေါင်းကို ခါရမ်းလိုက်တယ် ။

ဒီအချိန်မှာဘဲ ဖိုးလုံးလေးဟာ ကယောင်ကတမ်း

ရေရွတ်သံနဲ့ အတူ ဝမ်းတွေ ဒလဟော သွားပြန်တယ်။

“ ခွေး . . ခွေးနက်ကြီး ၊ အ . . အမေရေ . .

ကျုပ်ကို ခွေးနက်ကြီးတွေ ဆွဲကုန်ပြီ . .

ကျုပ် . . ကျုပ် ဘာမှ မမြင်ရတော့ဘူး ၊

ကြောက်တယ် .. ကြောက်တယ် ”

ဖိုးလုံးလေးဟာ ကယောင်ကတမ်း အော်ဟစ်ရင်း

အိပ်ရာပေါ် လူးလိမ့်နေရှာတယ် ။

ကျီးမဟာ သားဖြစ်သူ အနား ပြေးသွားပြီး .

www.burmeseclassic.com

www.burmeseclassic.com



" သား . . သားလေး ဖိုးလုံး ၊ အမေတို့ရှိတယ်

ဘာမှ မကြောက်နဲ့ . . သားရယ် . .

အဖြစ်ဆိုးလိုက်တဲ့ ကလေးရယ် . . "

လို့ ရေရွတ်ရင်း ဝမ်းပမ်းတနည်း ငိုကြွေးတော့တယ်။

သူကြီး ပိုးကောင်ဟာ ကြေကွဲရိပ်သန်းနေတဲ့မျက်နှာနဲ့ မြေးဖြစ်သူကို ငေးကြည့်ရင်း လက်သီးကို ကျစ်နေအောင် ဆုပ်လိုက်တယ်။

" တောက် . . ကယ်ပါမကြီးကို လုံးဝ မကျေနပ်ဘူး . .

ဒင်းနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး ရှင်းရမယ် ၊

လိုအပ်ရင် ဒင်းကို ရွာက မောင်းထုတ်ပစ်ရမယ် . . "

သူကြီးရဲ့ ကြိမ်းဝါးသံကြောင့် ကျီးမဟာ အထိတ်တလန့်ဟန်နဲ့ . .

" မလုပ်နဲ့ အဘ . . မလုပ်နဲ့၊

ဒီကိစ္စကို အကြမ်းနည်းသုံးလို့ မရဘူး၊

ကျုပ်တို့ အနုနည်းနဲ့ ဖြေရှင်းရမယ် . .

နောက်မို့ဆို ကျုပ်သားလေး . . "

လို့ ရေရွတ်ရင်း အသံတိမ်ဝင်သွားတယ်။

ဒီအချိန်မှာဘဲ ငအေးနဲ့အတူ ဆေးဆရာကြီးရောက်ရှိတယ်။

ဆေးဆရာကြီးဟာဖိုးလုံးလေးကို စမ်းသပ်ကြည့်ရှုပြီးတော် . .

" အခုဘဲ . . ကျုပ် ထန်းတောက ပြန်လာတာ၊

ထန်းတောက လူတွေအားလုံး၊ အစားမှားပြီး ဝမ်းလျှောတာလေ . . ဒါကိုမသိဘဲ . .

ကပ်ဆိုက်တယ်ဆိုပြီး လန့်နေကြတာ၊

အခုဆို သူတို့၊ ကျုပ်ပေးတဲ့ဆေးကိုသောက်ပြီး . .

ဝမ်းရပ်နေလောက်ပြီ၊ ဒါပေမယ့် . .

ဖိုးလုံးလေးကိုတော့ ကျုပ် စိတ်ပူမိတယ် ၊

ကျုပ်ကိုဘာလို့ အစောကြီးတည်းက မခေါ်ကြတာလဲ ၊

ကလေးဟာ . . အားအင်ယုတ်လျော့ပြီး ၊

www.burmeseclassic.com

တစ်ကိုယ်လုံး လည်း အေးစက်တောင့်တင်းနေတယ် . .

ဒီအခြေအနေကို ကျုပ် မကြိုက်ဘူးဗျာ၊

ဒါပေမယ့် . . ကျုပ် အစွမ်းကုန်ကြိုးစားကုပေးပါ့မယ်'

သူကြီးသမီး ကျီးမဟာဆေးဆရာရဲ့စကားကြောင့်

ဖခင်ကို ဆတ်ကနဲမော့ကြည့်ပြီး . .

"အဘ . . ကျုပ်တို့ လုပ်စရာရှိတာ အမြန်လုပ် ကြရအော

. . "

လို့ပြောလိုက်တယ် ။

သူကြီးက နားမလည် တဲ့ အမူအယာနဲ့ ကျီးမ

ကြည့်ရင်း . .

"ဘာ . . ဘာလုပ်ကြမှာလဲ . .

ဆေးဆရာကြီး ရှိနေတာဘဲ . . "

လို့ ပြောလိုက်တဲ့ အခါ ကျီးမက ဖခင်ရဲ့လက်

ဆောင့်ဆွဲခေါ်သွားတယ် ။

သူကြီး ဖိုးကောင်တစ်ယောက် သမီးဖြစ်သူရဲ့လက်



ဆတ်ကန်ကန်နဲ့ ပါသွားရင်း . . .

"ဘယ် သွားမလို့လဲ သမီး'

လို့မေးလိုက်တဲ့အခါကျီးမက . .

"ဒေါ်အိုတွေဆီကို " . . .

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

က

# အပိုင်း (၈)

၁

ဗူးတိုင် ..

ဒေါ်အိုစာရဲ့ ခြံရှေ့ရောက်တဲ့အခါ သူကြီးတို့အဖေဟာ မျက်လုံးပြူးသွားကြတယ် ။

ခြံစည်းရိုးနေရာမှာ သချိုင်းမြေပုံက ကဗ္ဗည်းတိုင်တွေ နေတာ တွေ့လိုက်ရတယ် ။

ဒီအချိန်မှာဘဲ တဲအိမ်လေးရဲ့ အနောက်ဖက်က နက်နစ်ကောင်ဟာ တစ်ရှိန်ထိုး ပြေးထွက်လာတယ်

www.burmeseclassic.com

www.burmeseclassic.com

သူကြီးပိုးကောင်ဟာ ခွေးတွေကို မြင်တဲ့အခါ မျက်

ဖျက်သွားတယ်။

ခွေးနစ်ကောင်ဟာ သူတို့ကိုကြည့်ရင်း အ

မပြတ်ထိုးဟောင်တော့တယ်။

ခွေးဟောင်သံကြောင့် ဒေါ်အိုစာဟာ တောင်ဝှေးကို

အားပြုထောက်ရင်း ထွက်လာတယ်။

သူကြီးတို့ သားအဖကို မြင်တဲ့အခါမျက် မှောင်ကြု

သွားပြီး . .

" တိရိစ္ဆာန်မျိုးတွေ . .

ငါ့ဆီလာကြ ပြန်ပလား . . "

လို့ အသံသြကြီးနဲ့ ရေရွတ်လိုက်တယ်။

သူကြီးသမီး ကျီးမဟာ ခြံဝမှာ စိုက်ထူထာ

ကဗ္ဗည်းတိုင်တွေကို လက်ညှိုးထိုးရင်း . .

" ဒါ . . ဒါ တွေက ဘာ . . ဘာ လုပ်ထားတာလဲ . .

လို့ မေးလိုက်တဲ့အခါ ဒေါ်အိုစာက . .

" ငါ့ဟာငါ . . ဘာလုပ်လုပ် . . နင်တို့ကို

သံတော်ဦးတင်ရအုံးမလားဟဲ့ . . "

လို့ မကျေမနပ် ပြောလိုက်တယ်။

သူကြီး ပိုးကောင်က ကဗ္ဗည်းတိုင်တွေကို ရှုံ့ရှာသလို

ကြည့်ရင်း . .

" ကျက်သရေမရှိလိုက်တာ . . ဘာလို့ . .

ဒါတွေကို ရွာထဲသွင်းရတာတုန်း . .

နိမိတ်မရှိဘူး . . အမြန်ဖယ်လိုက်ပါ . . "

လို့ပြောလိုက်တဲ့အခါ ဒေါ်အိုစာဟာ သူကြီးကို မျက်

ထောင့်နီကြီးနဲ့ ကြည့်ရင်း . .

" အေး . . ကျက်သရေမရှိလို့လဲ . .

ရွာထဲ သွင်းထားတာဟေ့ . .

ဒါမှ နင်တို့အားလုံး အသုဘဖြစ်ကြမှာ" . .

လို့ပြောလိုက်တယ်။

သူကြီးနဲ့ ကျီးမဟာ တစ်ယောက်မျက်နှာ တစ်ယောက်

www.burmeseclassic.com

ကြည့်မိပြီး . . .

" ကဲပါ . . အဘရယ် . . ကျုပ်တို့လာတာ

ဒေါ်အိုစာနဲ့ ငြိမ်းချမ်းရေး ယူဖို့ဘဲ ၊ ရန်ဖြစ်ဖို့ မဟုတ်ဘူး

ဒေါ်အိုစာ . . ဟိုနေ့က ကျုပ်တို့ ဒေါ်အိုစာ့အပေါ်မှာ

အနိုင်ယူတဲ့ စကားတွေပြောခဲ့မိတယ် . .

အဲ့ဒါတွေကို ဇွဲမယူပါနဲ့ . . တကယ်ဆို ကျုပ်တို့ဟာ

တစ်ရွာတည်းသားချင်းတွေဘဲ . .

ကိုင်းကျွန်းမှီ . . ကျွန်းကိုင်းမှီပေါ့ရှင်၊

ကျုပ်တို့ကြားက မပြေလည်မှုတွေကိုမေ့ပြီး . .

စည်းစည်း လုံးလုံးနေကြရအောင် . . "

လို့ ကျီးမက ပြောလိုက်တယ် ။

ဒေါ်အိုစာဟာ ရုတ်ချည်းပြောင်းလဲသွားတဲ့ ကျီးမကို

ကြည့်ရင်းတွေဝေသွားတယ်။

ဒီမိန်းမသချိုင်းက ကဗ္ဗည်းတိုင်ကိုမြင်ပြီး အကြောက်လွန်

ရူးသွပ်သွားသလားလို့ ထင်မိတယ် ။

ဒီအချိန်မှာဘဲ သူကြီးတပည့် ငအေးဟာ ထိတ်ထိတ်ပျာပျာနဲ့

ပြေးလာတယ် ။

" သူကြီး . . သူကြီး ၊ မကျီးမ . . မကျီးမရဲ့သားလေးကို

ခေါ်လို့ မရတော့ဘူး . . ဖိုးလုံး ဆုံးပြီ "

ငအေးရဲ့ စကားကြောင့် သူကြီးတို့ သားအဖဟာ

ခြုံကြိုးပြတ်ချမတတ် တုန်လှုပ်သွားကြတယ် ။

ကျီးမဟာ ဒေါ်အိုစာကို ရူးစိုက်ကြည့်ရင်း

အသားဆတ်ဆတ် တုန်လာတယ် ။

" ရှင် . . ရှင် . . မိန်းမယုတ်ကြီးဘဲ . .

ရှင်ဟာ ကယ်ပါမကြီး မဟုတ်ဘူး . .

ငါ့သားရဲ့ အသက်ကို နုတ်ယူတဲ့ တစ္ဆေမကြီး ၊

နင့်ကို ငါသတ်မယ်၊ငါ့သား သေသလို . .

နင်သေစေရမယ် . . "

ကျီးမတစ်ယောက် သားဆောင်းနှံပြီး ဘာမှ မမြင်တော့ဘဲ

ဒေါ်အိုစာဆီ ပြေးသွားပြီး လည်ပင်းညှစ်ဖို့ပြင်တယ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဒီအချိန်မှာဘဲ ခွေးနက်ကြီးနှစ်ကောင်ဟာ သူကြီး သမီး

ခြေထောက်ကို ကိုက်ခဲတော့တယ်။

မြန်ဆန်လွန်းတဲ့ အဖြစ်အပျက်ကြောင့် သူကြီးဟာ

တားဆီးချိန် မရလိုက်ဘူး။

အေးကလည်း မျက်လုံးကြောင်ကြီးနဲ့ စိုက်ကြည့်

နေတယ်။

ကျီးမဟာ ခွေးနက်တွေရဲ့ ကိုက်ဆွဲမှုကြောင့် ငယ်သံ

ပါအောင်အော်ဟစ်ရင်း ခြံပြင်ပြေးထွက်သွားတယ်။

"အမယ်လေး . . အမယ်လေးတော့ . . ငါ့ကို မိစ္ဆာ

ကိုက်နေပြီ၊ ကယ်ကြပါဦး"

ကျီးမဟာ သွေးရှူးသွေးတန်းအော်ဟစ်ရင်း ထ

စွန်တောင်ဆွဲ ထွက်ပြေးတယ်။

သူကြီးနဲ့ အေးကလည်း ကျီးမနောက်ကို စိုးရိမ်တကြ

ရှူးသုပ် လိုက်ခဲ့ကြတယ်။





ဒီအခါမှ ဒေါ်အိုစာဟာ လက်ခေါက်ကို "ရွှီ" ကနဲ

မှုတ်လိုက်တယ်။

အသံကြောင့် ခွေးနက်တွေဟာ ကျီးမနောက်

လိုက်နေရာက နောက်ပြန်လှည့်လာကြတယ် . .

ခွေးနက်တွေ အနားရောက်တဲ့အခါ ဒေါ်အိုစာဟာ

မြေပေါ်ဒူးထောက်ထိုင်ချလိုက်ရင်း . .

"မင်းတို့ဟာ သခင် ကို သိပ်သိတတ်တဲ့

ခွေးတွေဘဲ . . မင်းတို့ကို ငါ မွေးရကျိုးနပ်ပါပေတယ်၊

အင်း . . သူကြီးယုတ်ရဲ့လက်ချက်ကြောင့်

အဆိပ်မိပြီး သေသွားရှာတဲ့ ငနီနက်လည်း

မင်းတို့လိုပါဘဲ၊ ငါ့အပေါ်မှာ သိပ်ပြီး

သစ္စာရှိခဲ့ကြတယ်"

လို့ ရေရွတ်ပြီး ခွေးနှစ်ကောင်ရဲ့ ကျောပြင်ကို

ပွတ်သပ်ပေးလိုက်တယ်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

သန်းခေါင်ယံအချိန် ..

ဒေါ်အိုစာဟာ အိပ်ရာပေါ် လှူးလိုမှ်ရင်း နေ့ခင်းက အဖြစ်အပျက်ကို ပြန်တွေးမိတယ်။

သူကြီးသမီး ကျီးမဟာ သူ့သားသေတာ သူ့ကြောင့်လို့ ကျိန်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရင်ထဲမှာ သူ့ကိုပညာသည်တစ်ယောက်လို့ ယူဆထားကြတယ်။

သူဟာဂူပြောက်ကြီးဘုရားမှာ နေ့စဉ်ကောင်း မှုကုသိုလ်လုပ်နေတဲ့ လူတစ်ယောက် . .

ကောင်းမှုကုသိုလ်လုပ်နေတဲ့လူကို ယုတ်ညံ့တဲ့ ပညာသည် တစ်ယောက် လို့ အထင်ခံရတာလောက် ခံရခက်တာမရှိဘူး ။

သူ့ရင်ထဲမှာ မခံချင်စိတ်တွေ ဆူပွက်လာတယ်။

နာကျင်မှုတွေ . . ခံပြင်းမှုတွေက တရိပ်ရိပ်တက် လာတယ် ။

သူ . . ဘာလုပ်ရမလဲ . . သူကြီးတို့ သားအဖရဲ့ အသားလွှတ်စော်ကားမှုကို ဘယ်လိုတုန့်ပြန်ရမလဲ။

ဒီအချိန် . . သူကြီးအိမ်မှာ ဖဲဝိုင်းနဲ့အတူ လူစည် ကားနေမှာ သေချာတယ်။

ဖိုးလုံးလေးရဲ့ အလောင်း မြေမချသေးဘူး။



ဘာလုပ်မလဲဆိုတဲ့ မေးခွန်းက သူ့ခေါင်းထဲမှာ ကြိမ်ကြိမ်ပေါ်လာတယ် ။

ဒေါ်အိုစာတစ်ယောက်အိပ်ရာပေါ် လူလိုမ့်ရင်းတွေးမရ အောင်ဖြစ်နေတယ်။

နောက်ဆုံးမှာတော့ . . သူ့ခေါင်းထဲအကြံတစ်ခု ပေါ်လာတယ်။

ဒါကြောင့် အိပ်ရာထက်က ဆတ်ကနဲ ထထိုင်လိုက်ပြီး

“ မြေးလေး . . အိုပြည့် . . အိုပြည့် . . ထပါဦး”

လို့ မြေးဖြစ်သူကို လှုပ်နှိုးလိုက်တယ် ။

အိုပြည့်လေးဟာ ဒေါ်အိုစာရဲ့ လှုပ်နှိုးမှုကြောင့် မျက်လုံးပွင့်ခဲ့တယ် ။

အိပ်မှုန်စုံမွှား အမူအရာနဲ့ . .

“ ဘာလဲ အဖွားရာ . . အိပ်ကောင်းနေတုန်းဟာ ”

လို့ ညည်းတွားလိုက်တယ်။

ဒေါ်အိုစာက မြေးဖြစ်သူရဲ့ ပုခုံးကိုဆွဲပြီး ထခိုင်းလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com

"အဘွားနဲ့ လိုက်ခဲ့စမ်း . . အရေးကြီးတယ်"

လို့ပြောလိုက်တဲ့အခါ အိုပြည့်လေးဟာ မျက်လုံး

ပွင့်လာပြီး ..

"ဟင် . . အဘွားကလည်း . . အပေါ့သွားချင်တာ

ကိုယ့်ဟာကိုယ် သွားပါလားအိုပြည့် အိပ်ချင်တယ်"

လို့ အိပ်ချင်မူးတူးပြောလိုက်တယ်။

"အပေါ့သွားမလို့ မဟုတ်ဘူး၊

အဘွား . . ရွာထဲ ကိုသွားမလို့ . . "

ဒေါ်အိုစာရဲ့ စကားကြောင့် အိုပြည့်လေးဟာ

မျက်လုံးအစုံပြူးကျယ်သွားရင်း . .

"ဟင် . ." ကနဲ ရေရွတ်လိုက်မိတယ်။

ဒေါ်အိုစာဟာ အိုပြည့်လေးကို တိုးတိုးစကား

ပြောလိုက်တယ် ။

ပြီးတဲ့အခါမှာတော့ ...

မြေးအဘွားနှစ်ယောက်ဟာ ရွာဘက်ကို တိတ်တဆိတ်

ထွက်ခဲ့ကြတယ်။

× × × × ×

## မအိုစာရဲ့ကာလပေါင်းခွဲ

– ချမ်းမြေ့သရဖီလှိုင် (စုံထောက် .. တက်ကျမ်း)

– သူယောင်မယ် (ထိတ်လန့်ခြောက်ခြားဖွယ်)

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

ရက်ဝိုင်းက တချွေ စကား . .

ဖဲသမားတစ်စုဟာ ဖိုးလုံးရဲ့ အလောင်းအစင်ကို ကျောခိုင်းပြီး ရိုက်နေကြတယ် ။

သူကြီးအိမ်ဝိုင်းထဲရှိ ညောင်ပင်ကြီးအောက်မှာတော့ ကာလသားတစ်စုဟာ အရှည်ဒိုင်းဖွဲ့ရင်းစကားတွတ်ထိုးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးနဲ့ သမီးဖြစ်သူ ကျီးမကတော့ တစ်နေကု
စိတ်ထောင်းကိုယ်ကျေ ဖြစ်ခဲ့တာကြောင့် ငုတ်တုတ်ထိုင်ရင်
ငိုက်မြည်းနေကြတယ် ။

အဲ့ဒီအချိန်မှာဘဲမထင်မှတ်တဲ့ အဖြစ်တစ်ခုဖြစ်သွားတယ်
ပြဿနာကကာလသားတစ်စုရဲ့ အရက်ဝိုင်းကစခဲ့တာ
ကာလသား စံတိုးဟာ အရက်ကိုပုလင်းလိုက်မော့သော
ရင်း . .

"ဟေ့ကောင်တွေ . .
မင်းတို့ နာနာဘာဝကို ယုံသလား . ."
လို့ အာလေးသံကြီးနဲ့ မေးလိုက်တယ်။

သူ့အမေးကြောင့် ရေချိန်လွန်ပြီး ခေါင်းစိုက်နေ
ကာလသားတစ်စုဟာ ခေါင်းထောင်သွားတယ် . .

" ဘာ . . ဘာပြောတယ် ၊ နာနာဘာဝဟုတ်လား၊
နာနာဘာဝလည်း မယုံဘူး . . ဝိနာဘာဝလည်း
မယုံဘူးဟေ့၊လူဟာ သေရင်အရိုးဖြစ်ပြီး



ချွေးမြည့်သွားရတာဘဲ၊ သေရင်ပြီးပြီ ..
ဘာမှမရှိတော့ဘူး၊ဟဲ .. ဟဲ"
လို့ ကာလသား မောင်က ဝင်ပြောလိုက်တယ်။

ဒီအခါမှာ စံတိုးက ခေါင်းခါရမ်းလိုက်ရင်း . .
" မဟုတ်ဘူး ဟေ့ကောင် . . ဒါဟာ . . တကယ်ရှိတယ်၊
မင်းတို့ကိုပြောပြရင် ကြက်သီးထမတတ် ကြောက်သွားမှာ
သေချာတယ်၊ ငါတကယ်ကြုံဖူးတယ်ကွ . . "
လို့ အရက်တွေပြီး ပြောလိုက်တဲ့အခါ . . နှုတ်ခမ်းမွှေးဆိုတဲ့
ကာလသားက . . .

" ဟေ့ကောင် စံတိုး၊ မူးရင်ခွေပြီးအိပ်လိုက်တော့ ..
မဟုတ်တာ လျှောက်မပြောနဲ့၊ ဒီရွာမှာမင်းလောက်
ပေါက်ကရပြောတဲ့ လူမရှိဘူး၊
မင်းပြောတဲ့ ကြက်သီးထမတတ် ကြောက်သွားမယ်ဆိုတဲ့
စကားကို ငါမယုံဘူးဟေ့ "
လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နှတ်ခမ်းမွှေးရဲ့စကားကြောင့် စံတိုးဟာ မငေ[...]

မနေပြစ်သွားပြီး ..

" နှတ်ခမ်းမွှေး .. မင်းဟာ

နှတ်ခမ်းမွှေးရှည်သလောက် သိပ်လျှာရှည်တဲ့ကောင်ဘဲ

ငါကပေါက်ကရပြောတာမဟုတ်ဘူးကွ။

ပျော်ပျော်နေတတ်တာကွ ၊ ဒါပေမယ့် ..

နာနာဘာဝနဲ့ ပတ်သက်ရင် ငါတကယ် ကြုံခဲ့ဖူးတယ်

လို့ ချေပလိုက်တယ် ။

ဒီအခါမှာ မောင်က စံတိုးကို မျက်လုံးလှန်ကြည့် ပြီ[...]

" ဒါဆိုလည်း ပြောကွာ ..

မသာစောင့်ပြီး အရက်သောက်ရတာ ပျင်းလာပြီ ..

မင်းရဲ့ အတွေ့အကြုံကို နားထောင်ပြီး

အပျင်းပြေရမယ်ဟေ့ .. "

လို့ အာလေးသံနဲ့ ပြောလိုက်တယ် ။

စံတိုးဟာလက်ကျန်အရက်ကို ကုန်အောင်မော့ချလိုက်ရင်[...]

" အေ့ .. ငါပြောမယ့်အကြောင်းက

ငါ့ဘကြီးသေတုန်းက အဖြစ်အပျက်တွေဘဲကွ ..

အဲ့ဒီတုန်းက ငါက ဆယ့်လေးနှစ်သားလောက်ဘဲ

ရှိသေးတယ် .. ဘကြီးက ငါ့ကို သိပ်ချစ်တာကွ၊

သူသေတဲ့အချိန်မှာ ငါဟာ ဘကြီးရဲ့

အလောင်းနားမှာထိုင်ပြီး တစ်ချိန်လုံး ငိုနေခဲ့တယ် ..

အဲ့ဒီတုန်းက .. အင်း .. ငါမှတ်မိ သေးတယ် ..

ဘကြီးရဲ့အလောင်းကို အဝေးကအမျိုးတွေ

မလာသေးလို့ဆိုပြီး ခုနှစ်ရက်ထားတာကွ ..

အမျိုး စုံတော့မှအလောင်းမြေချပြီး ..

အသုဘချတယ်ပေါ့ကွာ အေ့ ..

ခုနှစ်ရက်မပြည့်ခင် တစ်ညမှာတော့ ..

ငါဟာ အလောင်းစင်နားမှာထိုင်ပြီးမေးကနဲ

အိပ်ပျော်သွားတယ် .. ဒီအချိန်မှာဘဲ

ငါ့ကျောကို ဖျပ်ကနဲ ပုတ်တာခံလိုက်ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါလည်း လန့်ဖျပ်ပြီး . . မျက်လုံးဖွင့်ကြည့်တေ

ဘာမှ မရှိဘူး .. ငါနဲ့ မလှမ်းမကမ်းမှာလည်

လူကြီးတစ်ချို့ဟာ ဖဲထိုင်ရိုက်နေကြတယ် ၊ ဒီအချိန်မှာ

ယောက်ကျားကြီးသုံးယောက် ဖဲဝိုင်းအနီး

ကိုလျှောက်လာတာတွေ့ရတယ် . . ငါလည်း ဒီလူကြ

တွေ ကြည့်ရတာ . . ထူးဆန်းတယ်လို့ တွေးနေစဉ်မှာ

သူတို့ ရဲ့ ထူးဆန်းမှုကို ငါ သတိပြုမိသွားတယ် . .

အေ့ . . အဲဒါဟာ ဘာလဲဆိုတော့ သူတို့ဟာ လမ်းလျှော

လာတယ် . . ဒါပေမယ့် သူတို့ရဲ့ ခြေထောက်တွေက

မြေကြီး မထိဘူးကိုယ့်လူ . . လေထဲမှာ

လျှောက်နေသလိုဘဲ ပြီးတော့ . . သူတို့မျက်လုံးတွေဟ

သာမာန် ထက်ပိုပြီး ပြူးနေတယ်၊ မျက်တောင်လည်း

လုံးဝ မခတ်ဘူးကွ . . အေ့ . . ၊ ငါလည်း . .

ဟာလေးဆိုတော့ ကြောက်စိတ်ထက် သိချင်စိတ်က

ပိုများနေတယ်၊ဒါကြောင့် .. ဒီလူကြီးတွေ



ဘာဆက်လုပ်မလဲလို့ ကြည့်နေတုန်းမှာဘဲ..

သူတို့ဟာ ဖဲသမား သုံးယောက်ရဲ့ ကိုယ်ထဲကို

စွပ်ကနဲ ဝင်သွားတယ်ကွ၊ ပြီးတော့ . အကျအနထိုင်ပြီး

ဖဲရိုက်ကြတယ် ၊ အာရုဏ်တက်ချိန် ရောက်တော့ . .

အုန်းမောင်းခေါက်သံကို ငါကြားရတယ်၊

အုန်းမောင်းခေါက်သံနဲ့အတူ ခွေးတွေဟာ

ငါတို့ခြံထဲကို ကြည့်ပြီး ၊ မရပ်မနား အူတော့တာဘဲ . .

အေ့ . . ဒီအခါကျမှ ဖဲသမားတွေရဲ့ ကိုယ်ထဲဝင်နေတဲ့၊

လူကြီး သုံးယောက်ဟာ စွပ်ကနဲ ပြန်ထွက်သွားတယ်၊

အေ့ ပြီးတော့ လေထဲမှာ တရွေ့ရွေ့သွားရင်း

ပျောက်သွားကြတယ်ကွ . . သူတို့လည်း

ပျောက်သွားရော . . ခွေးအူသံလည်း

လုံးဝ ရပ်သွားတယ်ကွ၊ အေ့.. ဘယ်လောက်

ကြက်သီးထဖို့ ကောင်းသလဲ . . ”

လို့ ပြောပြတယ် ။

www.burmeseclassic.com

www.burmeseclassic.com

" ဟား . . ဟား . . ဟား၊ မဖြစ်နိုင်ဘူး စံတိုး . .

အဲ့ ဒီတုန်းကမင်းက ကလေးဘဲ ရှိသေးတာ၊

မင်းဟာ အလောင်းစောင့်ရင်း . . အိပ်ပျော်သွားမယ် . .

အိပ်မွေ့သွားတော့ ကလေးပီပီ၊

စိတ်ခြောက်ခြားပြီး သွေးလေခြောက်ခြားတဲ့

အိမ်မက်ကို မက်ခဲ့တာဘဲ ဖြစ်ရမယ် . . အေ့ . .အေ့ . .

ဒီလောက်လေးနဲ့ ငါတို့ ကြက်သီးမထဘူးကွ၊

သွားစမ်းပါကွာ "

မောင်ရဲ့ လှောင်ပြောင်စကားကြောင့် စံတိုးဟာ

ဒေါသထောင်းကနဲ ထွက်သွားတယ်။

" ငါ့စာတ်လမ်း မဆုံးသေးဘူး . . နောက်ညရောက်တော့

ထူးခြားတဲ့အဖြစ်တစ်ခု ထပ်ဖြစ်တယ်၊

အေ့ . . အဲ့ဒီအချိန်က ငါလုံးဝ မအိပ်ဘူးဟော့ကောင်၊

ငါက အိပ်ခန်းထဲက မှန်ကြီးမှာရပ်ပြီး မှန်ကြည့်နေချိန်

ငါ့ဘကြီးကို မှန်ထဲမှာအထင်အရှားကြီး တွေ့လိုက်ရ

တယ် . . ငါ နောက်လှည့်ကြည့်တော့ ဘာမှမရှိဘူး၊

မှန်ထဲကိုကြည့်တော့ ဘကြီးကရှိနေတယ်၊

ငါလည်း ကြောက်ပြီး အသားကုန် အော်ဟစ်လိုက်တယ်၊

ငါ့အမေတွေရောက်လာပြီး . . ငါ့ကိုမေးမြန်းကြတယ်၊

ငါက ဘကြီးကို တွေ့တဲ့အကြောင်းပြောတော့

အမေတို့လည်း သိပ်ကြောက်လန့်သွားတယ်၊

ငါကဘကြီးရဲ့ အချစ်ဆုံး တူတယောက်ဖြစ်တဲ့အတွက်

လိပ်ပြာနှုတ်နိုင်တယ်တဲ့၊

ဒါကြောင့် ငါ့ကို ဆရာခေါ်ပြီး

လိပ်ပြာကြိုးချည်ပေးခဲ့ တယ်၊ အေ့ . .

အဲ့ဒါအမှန်ဘဲ . . မင်းတို့ မယုံရင် ငါ့အမေကို

လိုက်မေးကြည့် . . "

စံတိုးတစ်ယောက် ပြောရင်းကွပ်ပျစ်ပေါ် ခေါင်းစိုက်

းတယ်။

ကာလသားတစ်စုဟာ စံတိုးကိုကြည့်ရင်း . .

www.burmeseclassic.com

www.burmeseclassic.com



" ဟား . . ဟားပေါက်ကရပြောတဲ့ကောင်၊

နောက်ဆုံးတော့ ..အမူးလွန်ပြီး လဲသွားပြီ ..

ကောင်းတယ် . . ဒီကောင်အိပ်သွားမှ

နားငြိမ်တော့မှာကွ . . "

လို့ ပြောလိုက်ကြတယ် ။

ကာလသား တစ်စုဟာ အတွေးကိုယ်စီနဲ့ အရက်ဆက်

သောက်ကြတယ်။

ဒီအချိန်မှာဘဲ . . .

" အီး . . ဟီး . . အီး . . ၊ ဟင့် . . ဖင့် . . ဟင့်

ဆိုတဲ့ ကလေးငိုသံကြီးကိုခြောက်ခြားဖွယ် ကြားလိုက်

တယ် ။

အသံကြောင့် ကာလသားတစ်စုဟာ ခေါင်းမွေး

ထောင်မတတ် ထိပ်လန့်သွားကြတယ် ။

နှတ်ခမ်းမွေးက ပတ်ဝန်းကျင်ကို မျက်လုံးဖေ့ ကြည့်ရ

"ဟော့ . . ဟော့ ကောင်တွေ ငိုသံကြီးကြားရတယ်၊



စံတိုးရဲ့ ဘကြီးလာပြီထင်တယ် . . "

လို့အာလေးသံနဲ့ ပြောလိုက်တဲ့အခါ ငမောင်က

နှတ်ခမ်းမွေးရဲ့ ကျောကိုရိုက်လိုက်ပြီး ..

" မင်း ဘကြီးဖြစ်မလားကွ . .

ငိုသံက ကလေး ငိုသံကြီးကို .. ဟာ . .

ကလေး .. ကလေးငိုသံကြီး ဆိုတော့ . . . "

လို့ စကားမဆုံးခင်ဘဲ ကာလသားတစ်စုဟာ

တစ်စုံတစ်ရာကို အတွေးပေါက်သွားပြီးပြိုင်တူပင် ..

" ဟာ . . ဖိုးလုံး . . ဖိုးလုံး ၊ အလောင်းစင် ပေါ်က

မသာရဲ့ အသံ . . . "

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

အရက်သမား တစ်စုဟာ မူးမူးရူးရူးနဲ့ သူကြီး အိမ်ပေါ်ကို ရှူးထိုး ပြေးတက်သွားကြတယ် ။

ထရံမိုးပြီး အိပ်ငိုက်နေတဲ့ သူကြီးတို့ သားအဖဟာ လန့်နိုး ပြီး . .

www.burmeseclassic.com

www.burmeseclassic.com

"တဲ့ . . သောက်ဝလုပ်တုပ်၊ဒါကဘာဖြစ်ကြတာတုန်း၊

ရွာထဲ ကျားဝင်လို့လားကွ . . "

လို့ သူကြီးက ကယောင်ကတမ်းမေးလိုက်တယ်။

"ကျုပ် . . ကျုပ်တို့ကို ဖိုးလုံး အသံပေးတယ် ၊

တဟီးဟီးနဲ့ ငိုတဲ့အသံကြီး . . "

"ဟင် . . ကျုပ်သားလေး အသံပေးတယ် . .

ဟုတ်လား .. ဘယ် .. ဘယ်မှာပေးတာလဲ ..

အမယ်လေး . . သားလေး ဖိုးလုံးရယ်၊

မအေကို အသံမပေးဘဲ အရက်သမားကိုမှ

အသံပေးရသတဲ့လား . . "

သူကြီးသမီးကျီးမဟာ ခြံဝိုင်းထဲပြေးဆင်းသွားပြီး

"ဟင် . . တာသံမှလည်း မကြားရပါလား . .

ဟဲ့ .. နှုတ်ခမ်းမွေး .. မောင် .. စံတိုးကာလနာတွေ

မူးရူးပြီး ငါ့ကို လျှောက်ပြောတယ် . .

တွေ့ကြသေးတာပေါ့ . . "



သူကြီးသမီး ကျီးမဟာဒေါသတကြီးအိမ်ပေါ် ပြန်တက်

…ာယ်။

ကာလသား အရက်သမားတစ်စုဟာအတုန်းအရုန်း အိပ်

…ပ်နေတာ တွေ့လိုက်ရတယ် ။

သူကြီးသမီး ကျီးမတစ်ယောက် စိတ်မထိန်းနိုင်တော့ဘဲ

…မှာ ထောင်ထားတဲ့ တံမျက်စည်းကို ကောက်ဆွဲပြီး

"ငါ့ကို မဟုတ်တမ်းရားပြောပြီး . . နောက်ပြောင်တဲ့

ကာလနာတွေ ၊ ကဲဟယ် . . "

လို့ ရေရွတ်ရင်း တရွမ်းရွမ်း ရိုက်ချလိုက်တယ်။

အရက်ကို တရားလွန်သောက်ထားတဲ့ ကာလသား

…ုက သူကြီးအိမ်ပေါ်ကခေါင်းနဲ့ ပြေးဆင်းခဲ့ရတယ် ။

ဒီအချိန်မှာ . . အလောင်းစင်နံဘေးထိုင်ပြီး ဖဲရိုက်နေတဲ့

…သားကြီး တစ်ယောက်က . .

"ကောင်းတယ် . . ဒီကောင်တွေရှိတာ သိပ်နားငြီးတယ်၊

ခင်းတို့မရှိမှ စိတ်အေးလက်အေး ဖဲရိုက်ရမှာ "

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။

သူကြီးသမီး ကျီးမဟာ အလောင်းစင်ရှိရာ

လျှောက်သွားပြီး ငိုကြွေးနေတယ်။

သူကြီးကအိမ်ပြတင်းပေါက်ကနေအောက်ကို ငုံ့ကြည့်

နေမိတယ်။

သူဟာ သမီးဖြစ်သူရဲ့ အဖြစ်ကို မြင်ပြီး စိတ်မကောင်း

ဖြစ်သွားတယ်။

ဒါကြောင့် . . အောက်ဆင်းပြီး အလောင်းစင်နား

လျှောက်သွားတယ်။

" စိတ်ကို ဖြေပါ သမီးရယ် ၊ အဘတို့လည်း

ဒီလမ်းလျှောက်ရမှာပါဘဲ . . ၊ ဘုရားရှင်တောင် ပရိနိဗ္ဗာန်

ပြုရသေးတာဘဲကွယ် ။ ပုထုဇဉ်ဆိုတာ ဘာသားနဲ့

ထုထားတာမို့လဲ ၊ ကဲ . . ကဲ . .

အိမ်ပေါ်တက်ပြီး နားနေလိုက် ..ဟိုကောင်

နတ်ခမ်းမွေးတို့ သက်သက်မှရှေးပြီး လာနေရင်သွားတယ် .



အသုဘကိစ္စပြီးမှ ဒင်းတို့ကို တန်းစီပြီး

ထိပ်တုံးခတ်ပစ်ရမယ် . . "

သူကြီးမိုးကောင်တစ်ယောက် သမီးတို့နှစ်သိမ့်ရင်းကာ

သားတစ်စုကို ဒေါသတရား ပွားများနေတယ် ။

သူကြီးတို့ သားအဖအိမ်ပေါ်တက်သွားတဲ့အခါ၊

သမားကြီးတစ်ယောက်က ခေါင်းကိုကုပ်ရှုရင်း . .

" ဖဲရှုံးရတဲ့အထဲ . . အရက်သမားက တစ်မျိုး၊

သူကြီးတို့က တစ်မျိုး လာနောက်နေတယ်၊

ပါသမျှလည်း ကုန်ပြီ . . ကဲ . . ဖိုးလုံးလေးရေ . .

ဦးကြီးရဲ့ နောက်ဆုံးလက်ကျန်ငွေလေးကို

နိုင်အောင် ကူညီပါအုံးကွာ . . "

လို့ တိုင်တည်လိုက်တယ် ။

ဒီအခါမှာ ကျန်တစ်ယောက်က ဖဲချပ်ချိုးရင်း . .

" ဟေ့လူ . . ဘာတွေ လျှောက်ပြောနေတာလဲ၊

သူကြီးတို့ကြားလို့ ပြဿနာထပ်တက်နေအုံးမယ် . .

www.burmeseclassic.com

ခင်ဗျားပါးစပ်ကိုပိတ်ထား . . "

လို့ လှမ်းငေါက်လိုက်တယ် ။

" အီး . . ဟီး . . ဟီး ၊ ဟင့် . . ဟင့် . . ဟီး "

ကြားလိုက်ရတဲ့အသံကြောင့် ဖဲသမားကြီးဟာအလော

စင်ကို ဖျပ်ကနဲ လှည့်ကြည့်လိုက်တယ်။

ငြိမ်သက်နေတဲ့ အလောင်းကောင်ကြီး ...

ဖဲသမားကြီးက ခေါင်းကို ခါရမ်းလိုက်ရင်း ဖဲချပ်

ကောက်ကိုင်လိုက်တယ်။

" အီး . . ဟီး . . အီး "

ထပ်မံထွက်ပေါ်လာတဲ့ ကလေးငိုသံကြီး ...

ဖဲသမားကြီးဟာ ကလေးငိုသံကို နှစ်ကြိမ်တိ

ကြားလိုက်ရတဲ့အတွက် ကြက်သီးဖျန်းကနဲထသွားတယ်။

ကျန်လူတွေကသူ့ရဲ့ အမူအယာကို ကြည့်ပြီး ...

" ဟော့ . . လူကြီး . . ဘာကြောင့်ကြည့်နေတာလဲ၊

မျက်လုံးတွေကလည်း ကဏာမငြိမ်ဘူး . .



ခင်ဗျားကြီး ဖဲရှုံးလို့ ရူးမူးသွားပြီလား . . "

လို့ ဝိုင်းပြောကြတယ်။

" ရှူး . . တိုး တိုး ၊ နားထောင်စမ်း . . "

သူ့အမူအရာကြောင့် ကျန်လူတွေက ...

" ဘာလဲဗျ . . ဘာကို နားထောင်ရမှာလဲ . . "

လို့ တစ်ယောက်တစ်ပေါက် ဝိုင်းမေးကုန်တယ်။

" က . . ကလေးငိုသံကြီး ကျုပ်ကြားနေတယ် "

သူ့စကားကြောင့် ဖဲဝိုင်းတစ်ခုလုံး ငြိမ်သက်သွားတယ်။

ဖဲသမားတွေဟာအလောင်းစင်ကို မျက်တောင်မခတ်တမ်း

ကြည့်ရင်း ခေါင်းမွေးထောင်သွားကြတယ်။

" အီး . . ဟီး . . ဟီး ၊ အင့် . . ဟင့် . . ဟင့် "

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

## အလောင်းလှုပ်တဲ့ ည ..

" ဘာ .. ငါ့မြေး ဖိုးလုံးက ခြောက်တယ် .. ဟုတ်လား .. "

သူကြီးရဲ့ ဒေါသတကြီးအော်လိုက်တဲ့ အသံကြောင့် ဒေသမားကြီးဟာ လန့်သွားပြီး ..

" ဟုတ်ပါတယ် သူကြီး .. ကျုပ်တို့ ညကငိုသံ ကြားရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကာလသားတွေလည်း ဒီအသံကိုကြားလို့

သူကြီးရဲ့ အိမ်ပေါ် ပြေးတက်ခဲ့တာဘဲ . .

ဒီကလေး မကျွတ်လွတ်တာ သေချာတယ်ဗျ . . "

လို့ ပြောချလိုက်တယ် ။

"ဟကောင်ရ . . ဖိုးလုံးလေး

မကျွတ်လွတ်ဘူးပြောရအောင်၊

အလောင်းတောင် နေ့လည်မှ မြေချရမယ့်ဟာ၊

မင်းတို့ ရူးနေပြီ ၊ တစ်ခုက အရက်သမား . .

တစ်ခု က ဖဲသမား . . မင်းတို့စကားယုံစရာ

ဘာအကြောင်းမှ မရှိဘူး . . ဒီစကားကို

ဆက်မပြောနဲ့တော့၊ တစ်ရွာလုံးပျံ့သွားရင်

ကြောက်လန့်ကုန်မယ်ကွ . . "

သူကြီးဟာ ဖဲသမားကို မကျေမနပ်ပြောဆိုရ

အိမ်အောက် ဆင်းခဲ့တယ်။

အောက်ထပ်မှာတော့ ဖိုးလုံးလေး အသုဘချဖို့ကို



ခဲ့နေကြတယ် ။

သမီးဖြစ်သူ ကျီးမကာတော့ သားစိတ်နဲ့ အိပ်ရာထဲ လဲပြီး

အသံတောင် မထွက်နိုင်ရှာဘူး။

ကလေးမသာရဲ့ အလောင်းစင်ကြီးက မြပြင်မှာ

ထီးထီးကြီး . .

အလောင်းစင်ထဲ ထည့်ထားတဲ့ပန်းပေါင်းရနံ့က တစ်အိမ်

လုံး ပျံ့လွင့်နေတယ်။

ရွာသားတွေအားလုံး ခြံထဲမှာ အလုပ်ရှုပ်နေ တဲ့ အတွက်

အလောင်းစင်နားမှာ လူမရှိဘူး။

ဒီအချိန်မှာဘဲ ခွေးတစ်အုပ်ဟာ အလောင်းစင်ကို

ကြည့်ရင်း ရူးရူး ဝါးဝါးအူလိုက်ကြတယ်။

အချိန်အခါမဟုတ် အူလိုက်တဲ့ ခွေးအူသံကြောင့် အိမ်ထဲရှိ

လူအားလုံး ကြက်သီးဖျန်းကနဲ ထသွားကြတယ် ။

သူတို့အားလုံးရဲ့အကြည့်က မြခြင်းအလောင်းစင်ဆီ

ရောက်သွားကုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီး ပိုးတောင် ကိုယ်တိုင် ချွေးအုသံဆိုးကြောင့် ခေါင်းနပန်းကြီးသွားတယ်။

အားလုံးရဲ့အမြင်မှာ အလောင်းစင်ကြီးဟာ လှုပ်ရမ်းနေတယ်။

ရွာသူ အချို့ဟာ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ကြက်သီးဖျန်းဖျန်းထသွားကြရင်း . .

"အမယ်လေး . . မသာစင်ကြီးလှုပ်နေပြီ၊ ကယ်ကြပါဦးတော့် . . "

လို့ အော်ဟစ်ရင်း သူကြီးအိမ်ပေါ် ပြေးတက်သွားကြတယ်။

သူကြီး ပိုးကျောင်ဟာ လှုပ်ရမ်းနေတဲ့ အလောင်းစင်ကို ကြည့်ရင်း အသက်ရှူရပ်မတတ် ကြောင်အမ်းသွားတယ်။

" သူကြီး . . သူကြီး ၊ ကျုပ်တို့ ဘယ်လိုလုပ် မလဲ . . ဖိုးလုံးလေး ခြောက်နေပြီဗျ . . ဒီအတိုင်းဆို မသာကို ထမ်းမယ့်သူ ရှိမှာ မဟုတ်ဘူး . .



လုပ်ပါဦး သူကြီးရဲ့ . . . "

ကာလသားခေါင်းရဲ့ စကားကြားမှသူကြီးဟာ သတိပြန်ဝင်လာပြီး ..

" ကဲ . . လာကြစမ်း . . အလောင်းဘာကြောင့် လှုပ်ရသလဲ သိရအောင် . . ငါတို့ ခြုံပြင်ထွက်ကြည့်မယ်"

လို့ပြောလိုက်တဲ့အခါ ဖဲသမားကြီးက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့

" ဟာ . . သူကြီးကလည်း ကျွဲကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လား ဆိုသလို ဖြစ်နေပြီ . . ဒီလောက် အထင်အရှားကြီးတွေ့ရတဲ့ဟာ . . သွားမကြည့်နဲ့ . . တော်ကြာအခြေအနေ ပိုဆိုးလာရင် အားလုံး ဒုက္ခရောက်ကုန်မယ် . . "

လို့ ဝင်ပြောလိုက်တယ် ။

ဖဲသမားကြီးရဲ့ စကားကြောင့် သူကြီးဟာ မေးကြောကြီး ထောင်မတတ် ဒေါသထွက်သွားပြီး . .

" ဟေ့ကောင် . . . ဒီရွာမှာ ငါသူကြီးကွ . . .

www.burmeseclassic.com

www.burmeseclassic.com



လျှာ မရှည်နဲ့ . . မင်းတို့ ယောကျာ်းမှန်ရင် ငါနဲ့

လိုက်ခဲ့ . . ဒါဘဲ . . ”

လို့ပြောရင်း ခြံစပ်ကို ခြေလှမ်းကျဲကြီးနဲ့ လျှောက်

သွားတယ်။

ရွာသားတွေဟာ သူကြီးရဲ့ စကားကြောင့် . .

“ ဟော့ကောင်တွေ . . နေခဲ့တဲ့ကောင် မိန်းမလျှာ

ဖြစ်လိမ့်မယ် . . သေတစ်နေ့ . . မွေးတစ်နေ့ပဲကွာ၊

လိုက်သွားရအောင် . . ”

လို့ ဆော်ဩပြီး သူကြီးနောက် ပြေးလိုက်ကြတယ်။

သူတို့အားလုံး . . ခြေလက်တွေ အေးစက်နေသလို၊

ရင်ဒိန်းဒိန်းခုန်နေကြတယ်။

ခြံဝရောက်တဲ့အခါ သူကြီးဟာ အလောင်းစင်ကို

လှမ်းကြည့်ရင်း . .

“ ဟင် အလောင်းစင်က မလှုပ်တော့ပါလား . .

ငါဘဲ မျက်စေ့မှားသလားကွ . . ”



လို့ မျက်လုံးပွတ်ပြီး ရေရွတ်လိုက်တယ် ။

သူကြီးနဲ့ ရွာသားတွေ ဖိုးလုံးလေးရဲ့ ရုပ်အလောင်းကို တွေတွေကြီးငေးစိုက်ကြည့်ရင်း မလှုပ်မယှက် ငြိမ်သက်နေကြတယ်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

သုသာန်မှ ရယ်သံကြီး ..

အချိန်ကျရောက်တဲ့အခါ ..

သူကြီးတို့ဟာ မိုးလုံးရဲ့ ကိုအလောင်းမြေချဖို့ ထွက်ခဲ့ကြတယ်။

အလောင်းထမ်းတဲ့ လေးယောက်ဟာအကြောက်လွန်ရှူးရှိုက်နေတယ်။

အသုဘပို့မှာပါဝင်တဲ့ လူအားလုံး မျက်နှာမသာသလို ..

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကလည်း ဂဃာမငြိမ်ဘူး . . အားလုံးရဲ့ စိတ်ထဲမှာ

အဘကြီးလဲ ဆိုတဲ့ စိုးရိမ်မှုက ကြီးစိုးနေတယ်။

ရွာသူတစ်ယောက်က နဘေးရှိအဖော်ကိုလက်လှမ်းတို့

ရင်း . .

" ဟဲ့ ကောင်မ၊ ငါပို့ဖူးသမျှ မသာထဲမှာ

ဖိုးလုံးလောက် ကြောက်ဖို့ကောင်းတဲ့ မသာမရှိဘူး . .

ဒင်းလေး က . . ကလေးမသာဖြစ်ပြီး သိပ်ခြောက်တယ်

ငါ . . ငါ သချိုင်းကို မလိုက်ရဲဘူး . .

သူကြီးလစ်တာနဲ့ လှည့်ပြန်တော့မယ် . .

ညည်းရော ဘယ်လိုလဲ . . "

လို့ မေးလိုက်တဲ့အခါ အဖော်ဖြစ်သူက . .

" ငါလည်း သူကြီးကို ကြောက်လို့သာ လိုက်ခဲ့ရတာ

ကြောက်လွန်းလို့ သေးထွက်တော့မယ်၊

ညည်းပြန်ရင် ငါလည်းပြန်မယ် . . "

လို့ ပြန်ပြောလိုက်တယ် ။



သူတို့နှစ်ယောက်ဟာ လူအုပ်ကြီးရဲ့အနောက်မှာ

ကျန်ရစ်အောင် ဖြည်းဖြည်း လျှောက်ကြတယ် ။

လူအုပ်ကြီးရဲ့ နောက်ဆုံးကိုရောက်တဲ့အခါ နှစ်ယောက်

သား နောက်လှည့်ပြေးကြတော့တယ်။

" နောင် . . ဝေ . . ဝေ " ဆိုတဲ့ ကြေးစည်သံနဲ့အတူ

အသုဘပို့သူတွေဟာ ရွာစွန်ကို ရောက်သွားကြတယ် ။

ရွာစွန်ရှိ ဒေါ်အိုစာ ခြံရှေ့က အဖြတ်မှာတော့ သူကြီးဟာ

ခြံထဲကို လှမ်းကြည့်လိုက်တယ်။

ဆံပင်ဖိုရိုဖားလျား . . အနက်ရောက်တာဘက်ကြီးခြုံပြီး

ပိန်ကောင်ဇော့ကြီးနဲ့ ဒေါ်အိုစာ . .

တဲအိမ်လေးရှေ့မှာ မားမားကြီး ရပ်နေတယ် ။

သူမရဲ့ မျက်လုံးအစုံကတော့ အသုဘပို့သူတွေကို

စိုက်ကြည့်နေတယ်။

သူကြီး ဖိုးကောင်ဟာ ဒေါ်အိုစာကို လှမ်းကြည့်ရင်းကြက်

သေသလို ခံစားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



" ထို - ကျက်သရေမဲ့တဲ့ ကယ်ပါမကြီး။

ခင်များကို မြင်ရတာ .. အော့နှလုံးနာတယ်၊

ဟောကောင်တွေ မြန်မြန်လျှောက်ကြစမ်း"

သူကြီးဟာ ဒေါ်အိုစာ့ကို ကြည့်ရင်း မကျေမနပ်

ရေရွတ်လိုက်တယ်။

သူကြီးရဲ့ စကားကြောင့် အလောင်းထမ်းသူတွေဟာ

မျက်နှာရှုံ့တွသွားပြီး . . .

" ကျုပ်တို့လည်း သွားနေတာဘဲ သူကြီးရ . .

မိုးရွာထားတော့ . . မြေကြီးတွေက ချောနေတယ် . .

မနည်းထိန်းပြီးလျှောက်နေရတယ်ဗျ . . အလောင်းစင်က

ရွာစွန်းရောက်မှ ပိုလေးလာသလိုဘဲ "

လို့ ပြောလိုက်တဲ့အခါ သူကြီးက မျက်မှောင် ကြုတ်ရင်း

" ဟေ့ကောင်တွေ . . မင်းတို့ စကားတွေချဲ့ကားဖို့

မစဉ်းစားနဲ့ . . အလောင်းထမ်းရတာကြာလို့

လက်အံ့ သေတာဖြစ်မှာပေါ့ ငါ့မြေးကို



မကောင်းဆိုးဝါးလို့ ပြောချင်သေးသလား . . "

လို့ ရှဲ့မေးလိုက်တယ်။

ဒီအခါမှ အလောင်းထမ်းသူတွေဟာ ဘာမှဆက်

မပြောတော့ဘဲ ငြိမ်ကျသွားတယ်။

သုသာန်ရောက်တဲ့အခါ အသင့်တူးထားတဲ့ မြေကျင်းထဲ

အလောင်းချပြီး မြေဖို့ဘို့စီစဉ်ကြတယ်။

သူကြီးသမီး ကျီးမဟာ သားဖြစ်သူကို နောက်ဆုံး

အနေနဲ့ ကြည့်ရင်း . . .

" ငယ်ငယ်ရွယ်ရွယ်နဲ့ အဖြစ်ဆိုးလိုက်တဲ့ကလေး

အမေ့ရင်တွေ ကွဲပါပြီ သားရယ် . . မိုးလုံးလေးရဲ့ "

လို့ရေရွတ်ပြီး ရင်ဘတ်စည်တီး ငိုတော့တယ်။

ကျီးမဟာ ငိုကြွေးရင်း နားထဲအသံတစ်ခု ကြား

လိုက်ရတယ်။

အသံက အဝေးက လာသလို . . အနားကပ်သွားသလိုနဲ့

ဒါပေမယ့် . . အထင်အရှားကြီး ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ . . အမေရေ . . "

ကျိုးမဟာအသံကြားရတဲ့အတွက် သွေးရူးသွေးတ

ဖြစ်သွားပြီး ...

" အမယ်လေး . . ငါ့သားလေး ခေါ်နေပြီ . .

သားရေ . . ဖိုးလုံး . . ဘယ်မှာလဲ . . "

လို့ အော်ဟစ်လိုက်တယ်။

သူကြီးဟာ . . စိတ်မသက်သာစွာနဲ့ သမီးဖြစ်သူကို

ကြည့်ရင်း . . .

" ကျိုးမရယ် . . သတိထားစမ်းပါ . .

စိတ်တင်းထား . . "

လို့ နှစ်သိမ့်စကားပြောလိုက်တယ်။

အလောင်းမြေဖို့မှု အပြီးမှာတော့ သူတို့အား

သချိုင်းက ပြန်ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာဘဲ ခြောက်ခြားတုန်လှုပ်ဖွယ်ကောင်း

အသံကြီးတစ်ခုကိုအားလုံး ကြားလိုက်ရတယ်။



" အီး . . ဟီး . . ဟီး ၊ အင့် . . ဟင့် . . ဟင့် "

ဆိုတဲ့ ကလေးတစ်ယောက်ရဲ့ ငိုရှိုက်သံကြီး . .

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

## ဝူပြောက်ကြီးဘုရားမှရန်ငြိုး

ဒေါ်အိုစာတစ်ယောက်တောင်းဇွေးကို အားပြုထောက်ရင်း ရားရင်ပြင်ပေါ် တက်ခဲ့တယ်။

ဘုရားရဲ့ ဒေါင့်တစ်နေရာ ရောက်တော့ လွယ်အိတ်ထဲက ခွက်လေးကို ထုတ်ပြီးထိုင်လိုက်တယ်။

ဒေါ်အို[illegible]စာ မျက်လုံးစုံမှိတ်ပြီး ဘုရားဝတ်ပြု က်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဝတ်ပြုမှုအဆုံးမှာတော့ " ရှပ် . . ရှပ် . . ရှပ် . ."

ဆိုတဲ့ ထမီခတ်သံ ကြားလိုက်ရတယ် ။

ကြည့်လိုက်တဲ့အခါ သူ့ရှေ့ရပ်နေတဲ့သူကြီးသမီးကျီး

ကျီးမဟာ အကြွေစေ့တစ်စေ့ကို ဒန်ခွက်ထဲပစ်ချလိုက်

တယ်။

အကြွေစေ့လေးဟာ ဒန်ခွက်ရဲ့ နှုတ်ခမ်းစောင်း

ထိမှန်ပြီး အရှိန်နဲ့ အပြင်ကို လွင့်စင်သွားတယ် ။

ဒီအခါမှာ ကျီးမက ဒေါ်အိုစာ့ မျက်နှာကို စေ့စေ့ ကြည့်

" ဘာကြည့်နေတာလဲ . . လိုက်ကောက်လေ၊

အကြွေစေ့ လွင့်သွားတာ ရှင်မမြင်ဘူးလား . .

ဟော့ဒီ အကြွေစေ့ တစ်စေ့ဟာ . .

ကျုပ်တို့လို ငွေရှိလို့ ဘန်းစားတွေအတွက်

သူတောင်းစား ပေးကမ်းဖို့ပေါ့လေ . .

ရှင်တို့ ကယ်ပါတွေအတွက်တော့ . .

ထမင်းတစ်ထုပ်ရတယ် . . လိုက်ကောက်စမ်းပါ"

လို့ လေသံတင်းတင်း ပြောလာတယ် ။

ဒေါ်အိုစာဟာ ကျီးမရဲ့ စကားကြောင့် အသည်း နာမတတ်

ခံစားလိုက်ရတယ် ။

ဒါကြောင့် . . မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးအစုံနဲ့

မတ်တပ်ရပ်လိုက်ရင်း . .

" ဟဲ့ . . တိရစ္ဆာန်မ . . သူတောင်းစားကို

ပေးကမ်းတာလဲ အလှူတစ်မျိုးဘဲဟဲ့၊

လှူတတ်ရင် မြတ်တယ် ဆိုတာ ညည်းမသိဘူးလား . .

ညည်းဟာ စေတနာစိတ်မရှိဘဲ . . စွန့်ကြဲတဲ့အတွက်

အပါယ်ကိုလားရလိမ့်မယ်၊ ညည်းသေတဲ့အခါ . .

ညည်းရဲ့ အသားကို ခွေးနက်တွေ ဝိုင်းဆွဲတဲ့အဖြစ်မျိုး

ငရဲခံရလိမ့်မယ် . . "

လို့ပြောလိုက်တယ်။

ဒေါ်အိုစာရဲ့ စကားကြောင့် ကျီးမဟာမျက်နှာအနေအထား

အကျယ်ပျက်သွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



" ရှင် .. ရှင်ကြီး ကျုပ်ကို ကျိန်စာတိုက်နေတာလား ..
မကောင်းဆိုးဝါးမကြီး .. "

လို့ အသံကုန် အော်ဟစ်လိုက်တယ် ။

ဒေါ်အိုစာက ကျီးမရဲ့စကားကိုဂရုမပြုဘဲ အကြွေစေ့
လေးကိုကောက်ယူလိုက်တယ်။

ပြီးတော့ ကျီးမရှိရာ တစ်လှမ်းချင်းလျှောက်သွားပြီး

" ရော့ .. ဟော့ဒီ .. အကြွေစေ့ကိုယူထား ၊

ညည်းဟာ မကြာခင် အသေဆိုးနဲ့ သေလိမ့်မယ် ..

အဲ့ဒီအခါကျရင် ဒီအကြွေစေ့ဟာ ..

ညည်းရဲ့ ကူတို့ဘဲ "

လို့ပြောရင်းကျီးမရဲ့ ပါးစပ်ထဲအကြွေစေ့ကိုထိုးထည့်
လိုက်တယ်။

ရုတ်တရက် အဖြစ်အပျက်ကြောင့်ကျီးမဟာငြင်းဆန်
ချိန်မရလိုက်ဘူး ..

အကြွေစေ့ ပါးစပ်ထဲ ရောက်တော့မှ ရှူးရှူးရှားရှား

အမူအရာနဲ့ ဒေါ်အိုစာ့ ကို တုန့်ပြန်ဖို့ ပြင်လိုက်တယ်။

ဒီအခါမှာဘဲ သူကြီးတပည့် ငအေး ရောက်လာပြီး

" မကျီးမ .. အစ်မကို သူကြီးခေါ်နေတယ်၊

အမြန်လာပါတဲ့ .. "

လို့ ပြောတယ်။

ကျီးမဟာ ဒေါ်အိုစာရဲ့ မျက်နှာကို ဒေါသတကြီး
ကြည့်ရင်း ...

" ကယ်ပါ ကဝေမကြီး .. ရှင်ကျုပ်ကို

ကျိန်စာတိုက်တယ် ၊ ရှင့်ကို လုံးဝမကျေနပ်ဘူး .. "

လို့ ရေရွတ်ပြီးရိုက်နက်ဖို့ ရွယ်လိုက်တယ် ။

ငအေးဟာ ဒေါ်အိုစာနဲ့ ကျီးမရဲ့အခြေအနေကို ရိပ်စား
သွားပြီး ..

" ကဲပါ မကျီးမရယ် .. သူကြီးသမီးဖြစ်ပြီး ၊

ဘုရားမှာ ရန်မဖြစ်ပါနဲ့ .. လူကြားလို့ မကောင်းပါဘူး

လာပါဗျာ .. "

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောရင်း ကျီးမကို ဆွဲခေါ်သွားတယ် ။

ကျီးမဟာ ခေါ်အိုစာကို မကျေမနပ်ကြည့်ရင်း ငအေးရဲ့ဆွဲခေါ်ရာနောက်ကို ပါသွားတယ် ။

ခေါ်အိုစာဟာ ကျီးမရဲ့ ကျောပြင်ကိုကြည့်ရင်း နာကြည်းခံပြင်းစိတ်တွေ လှိုက်တက်လာတယ် ။

သူ့မရင်ထဲမှာ သူကြီးမိသားစုအပေါ် ပိုမိုနာကြည်းစိတ်တွေကိန်းအောင်းလာတယ် ။

အရိုးတောင်ဓားကို ဆုပ်ကိုင်ထားတဲ့သူမရဲ့လက်အစုံဟာ နာကြည်းမှုကြောင့် ဆတ်ဆတ်တုန် နေပြီ . .

× × × × ×

# အပိုင်း (၁၅)

## ခေါ်သံ ...

www.burmeseclassic.com

www.burmeseclassic.com

အနှိုးတောတစ်ရွာလုံး အိပ်မောကျနေချိန် . .

သူကြီးသမီး ကျီးမတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေတယ်။

ဒီအချိန်မှာဘဲ အခန်းတံခါးခေါက်သံကြားလိုက်ရတယ်။

ကျီးမဟာ တံခါးခေါက်သံကြောင့် လန့်နိုးလာတယ်။

သူမဟာ အိပ်မှုန်စုံမွှား အမူအရာနဲ့ တံခါးထဖွင့်လိုက်တယ်။

သူမ တံခါးဖွင့်လိုက်စဉ်မှာဘဲ ပြေးထွက်သွားတဲ့ ကလေးတစ်ယောက်ရဲ့ သဏ္ဍာန်ကို ရိပ်ကနဲ မြင်လိုက်ရတယ် ။

" ဟင် . . ငါ့သားလေး၊ သားရေ . . ဖိုးလုံးလေး . . "

ကျီးမဟာရေရွတ်သံနဲ့အတူ ကလေးငယ်နောက်ပြေးလိုက်သွားတယ်။

ကလေးငယ်သဏ္ဍာန်ဟာ အပေါ်ထပ်လှေကား အတိုင်း ပြေးဆင်းသွားတယ်။

ကျီးမလည်း သားကို မြင်တွေ့ချင်စိတ်နဲ့ အသည်းအသန်ပြေးလိုက်တယ် ။

ကျီးမဟာ ကလေးငယ်ရဲ့အနောက်ကို ပြေးလိုက် ရင်း ရွာစွန်ဘက် ရောက်မှန်းမသိ ရောက်သွားတယ် ။

သူမဟာ ပတ်ဝန်းကျင်ကိုသတိပြုမိတဲ့အခါမှောင်ကြီး ညည်းမည်းထဲ ရောက်နေတာသိလိုက်ရတယ် ။

" သားရေ . . ဖိုးလုံး ၊ ဘယ်မှာလဲ . . အမေ့ကို

www.burmeseclassic.com

ကိုယ်ရောင်ပြပါဦး သားရယ် . . "

ကျီးမဟာ သွေးရူးသွေးတန်း ရှေ့ရှတ်လိုက်တယ်။

ဒီအချိန်မှာဘဲ သူမနဲ့ မလှမ်းမကမ်းမှာ . . ထီးထီးကြီး ရပ်နေတဲ့ အဖြူရောင်ဝတ်စုံနဲ့ ဖိုးလုံးကိုတွေ့လိုက်ရတယ်။

ဖိုးလုံးဟာ သူမကို မျက်တောင်မခတ်တန်း စိုက်ကြည့်ရင်း လက်ယပ်ခေါ်နေတယ် ။

ကျီးမဟာဖိုးလုံးရှိရာကို သွေးရူးသွေးတန်း ပြေးသွား တယ်။

ကလေးငယ်ရဲ့ အနားရောက်ခါနီးမှာဘဲ တစ်စုံတစ်ခုကို သတိပြုမိသွားတယ် ။

သူမ . . ချောက်ကမ္ဘားကြီး တစ်ခုအရဲ့ အစပ်မှာနေပြီ -

ဒီအချိန်မှာဘဲ သူမရဲ့ခြေထောက်က ချောက်ကမ္ဘားကြီး ထဲချော်ကျသွားတယ်။

" အား "

× × × × ×

# အပိုင်း (၁၆)

ဂြိုဟ်ဆိုး ..

www.burmeseclassic.com

www.burmeseclassic.com

မနက်လင်းချိန်တစ်ခု . . .

သူကြီးနဲ့ ရွာသားတွေအားလုံး ရွာပြင် ချောက်ကမ်းပါး[illegible] စုပြုံရောက်နေကြတယ် ။

သူကြီးရဲ့ မျက်လုံးမှာ မျက်ရည်စတွေ စို့နေတယ်။

ရွာသားအားလုံးဟာလည်း မျက်နှာ ပျက်နေကြတယ်။



သူတို့အားလုံး .. ချောက်ကြီးထဲကို စိုးရိမ်တကြီး [illegible]ကြည့်နေကြတယ်။

ရွာသားတစ်ချို့က အလောင်းကို ထမ်းရင်းချောက်ထဲက [illegible]ရာခဲဆစ် ပြန်တက်လာကြတယ်။

ချောက်စပ်က လူအုပ်ကြီးဟာ လှုပ်လှုပ်ရွရွ [illegible]ခဲ့သွားကြတယ် ။

အလောင်းထမ်းလာသူတွေဟာ ချောက်ထိပ် [illegible]ရောက်တဲ့အခါ အလောင်းကို မြေမှာချလိုက်တယ် ။

သူကြီး ပိုးကောင်တစ်ယောက် အလောင်းနား [illegible]ပြေးသွားပြီး . .

“အဖြစ်ဆိုးလိုက်တဲ့ သမီးရယ် . .
ဘာကြောင့်များကိုယ့်ကိုယ်ကိုသေကြောင်း
ကြံစည်ရတာလဲ၊အဖာ ဘယ်လိုဖြေရမှာလဲ သမီးရယ်”
လို့ ရေရွတ်ရင်း “ဟီး ” ကနဲ ငိုချလိုက်တယ် ။

ရွာသားတွေဟာ အလောင်းကို ဝိုင်းအုံကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



" ဖိုးလုံးလေး သေတာ မကြာသေးဘူး ..

မကျီးမချောက်ထဲ ခုန်ချသွားတယ်၊

ဒါဟာ ဖိုးလုံးလေးက သူ့အမေကို

ခေါ်သွားတာများလား .. "

ဆိုတဲ့ စကားသံနဲ့အတူ ..

" ဖြစ်နိုင်တယ်ဗျ .. မကျီးမဟာ အကြောင်းမဲ့တော့ ..

ချောက်ထဲ ခုန်ချမှာမဟုတ်ဘူး၊ ဖိုးလုံးလေးက

မအေကို သိပ်ချစ်တာ .. ဒါကြောင့် ..

လိပ်ပြာ နှုတ်သွားတာဖြစ်မယ် ..

ဆိုတဲ့ အသံတွေ ပွက်လောရိုက်ကုန်တယ် ။

ဒီအချိန်မှာဘဲ ရွာသူတစ်အုပ်ရောက်လာတယ် ။

ရွာသူတွေဟာ ကျီးမရဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေ

အလောင်းကို ကြည့်ရင်း ..

" ဒါဟာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး၊

ကယ်ပါမကြီး ဒေါ်အိုစာကြောင့်ဘဲ ဖြစ်ရမယ် ..



မနေ့က မကျီးမကို ကျုပ်အကြွေးသွားဆပ်တုန်းက

သူပြောခဲ့တယ် .. ဒေါ်အိုစာဟာ

ဂူပြောက်ကြီးဘုရားမှာ သူ့ကို

အသေဆိုးနဲ့သေရမယ်လို့ ကျိန်သတဲ့ ..

မကျီးမ ပြုစားခံလိုက်ရတာ"

လို့ ပြောလိုက်တယ် ။

ရွာသူရဲ့ စကားကြောင့် တစ်ယောက်တစ်ပေါက်

သံတွေအားလုံး ငြိမ်ကျသွားတယ်။

သူကြီးပိုးကောင်ဟာ ရွာသူရဲ့ မျက်နှာကိုစေ့စေ့ ကြည့်ရင်း

" နင်ပြောတာ တကယ်ပဲလား၊ဒါ..နောက်စရာ

မဟုတ်ဘူးနော် .. ငါ့သမီးသေတာ

ဒေါ်အိုစာကြောင့်မှန်ရင် .. ငါကိုယ်တိုင်

ဒင်းကို သတ်မှာ .. "

လို့ ဒေါသတကြီး မေးလိုက်တယ် ။

ရွာသူဟာ သူကြီးကို မဝံ့မရဲကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် . . ကျုပ်ကိုတော့ မကျီးမ ပြောခဲ့တာ အမှန်ပါဘဲ

ဒါပေမယ့် . . ကျုပ်ကိုယ်တိုင်မမြင်ရတာ

ဟုတ် . . မဟုတ်ဆိုတာတော့ .. မသိပါဘူး"

လို့ပြောလိုက်တယ် ။

ဒီအခါမှာ အယူသည်းတဲ့ အဖွားကြီးတစ်ယောက်က . .

"မအိုစာဟာ ကယ်ပါမျိုး ပေမယ့် . .

သူ့မှာ မမြင် ရတဲ့ အစောင့်အရှောက်တွေရှိတယ် ..

ပြီးတော့ . . သူ့မှာ စိတ်တန်ခိုးရှိတယ်လို့ . .

ကျုပ်ထင်တယ် . . သူဟာ လူတစ်ယောက်ကို

နိမိတ်ဖတ်ရင် တကယ်ဘဲ အဲ့ဒီလူဟာ ကြမ္မာဆိုးရတယ်

ဘာကြောင့်လဲဆိုတော့ . . ကျုပ် သားလေးကိုယ်တိုင်

ကြုံခဲ့ရလို့ပါ . . သားလေးဟာ အရက်မူးပြီး ဒေါ်အိုစာနဲ့

ပြဿနာဖြစ်ခဲ့ဖူးတယ်၊အိမ်လည်းရောက်ရော . .

ဖိနပ်ချွတ်တင် သွေးအန်ပြီးသေဆုံးခဲ့ရတယ် . .

သူမသေခင်မှာ ကယောင်ကတမ်း ရေရွတ်သွားတဲ့



စကားက ဒေါ်အိုစာက သူ့ကို ပညာနဲ့ လုပ်တယ်ဆဲ . .

ဒါကြောင့် . . ကျုပ်ကတော့ ကျီးမသေရတာ

ဒေါ်အိုစာကြောင့်လို့ဘဲ ယူဆတယ် . ."

လို့ပြောပြန်တယ် ။

အဘွားကြီးရဲ့ စကားကို ရွာသားတွေကပါ . .

" ဒီ အ တိုင်း ဆို သူကြီး မှာ အန္တရာယ် ရှိ နေပြီ၊

တစ်ခါက . . ဒေါ်အိုစာဟာ သူ့မြေးအိုးပြည့်နဲ့ပတ်သက်ပြီး

သူကြီးတို့ကို မိုးပြိုကျသလို ခံစားရစေမယ်လို့

ကျိန်ခဲ့တာ ကျုပ်မှတ်မိတယ် . . ဒီမိန်းမကြီးဟာ . .

သိပ်အငြိုးကြီးတယ်၊ မိုးလုံးလေးသေတယ် . .

အခု မကျီးမ သေရတယ် . . ပြီးရင်တော့ . .

သူကြီး အလှည့်"

လို့ စကားမဆုံးခင်ဘဲ သူကြီးဟာ ဒေါသသံနဲ့ ..

" တိတ်စမ်း . . အားလုံး တိတ်ကြတော့ . .

ဘာမဟုတ်တဲ့ ကယ်ပါ တစ်ယောက်က၊ ငါ့ရဲ့ ...

www.burmeseclassic.com



ပြောင်းလဲနိုင်တယ်ဆိုတာ လက်မခံဘူး၊

ဒေါ်အိုစာနဲ့ ငါတို့မိသားစုကြားမှာ ရန်ငြိုးတွေရှိခဲ့တယ်၊

ဒါဟာ အမှန်တရားဘဲ .. ဒါ့အပြင် ဘာမှ မရှိနိုင်ဘူး၊

ဖိုးလုံးလေးဟာ ဝမ်းရောဂါဆိုးကြောင့် သေဆုံးခဲ့ရတယ်၊

ကျီးမဟာ ချောက်ကမ္ဘားထဲ ခုန်ချပြီး သေဆုံးရတယ်၊

ဒါတွေအားလုံးဟာ .. မမြင်ရတဲ့ ကံကြမ္မာကြောင့်

ဖြစ်ခဲ့ တာဘဲ .. ဘယ်သူ့ ပယောဂမှ မပါနိုင်ဘူး ..

ခင်ဗျားတို့ အားလုံး အတွေးခေါင်နေကြပြီ၊

ကဲ .. အချိန်မရှိဘူး .. အသုဘကိစ္စ

စီစဉ်ကြပေတော့ .. "

လို့နိုင်းစေလိုက်တယ်။

× × × × × ×

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

ညအချိန် ..

သူကြီး ပိုးကောင်ရဲ့ အိမ်မှာ မီးရောင်ထိန်ညီးနေတယ်။

ဒုတိယမြောက် အသုဘ ..

မကျီးမရဲ့ အလောင်းစင်ကြီးက ခြံဝိုင်းရဲ့ဒေါင့်မှာ

ထီးထီးကြီး ...

သူကြီး ပိုးကောင်တစ်ယောက် စိတ်ဖိစီးမှုကြောင့်

အိပ်ရာထက်လဲနေပြီ။



အိမ်ရှေ့ကွပ်ပျစ်ကြီးမှာတော့ ရွာသားတစ်စုဟာဖဲရိုက်ရင်း

ပွက်လောရိုက်နေကြတယ်။

အိမ်နောက်ဖက်မှာတော့ .. ရွာသူတွေဟာ ချွေးဒီးဒီး

ကျရင်း ချက်ပြုတ်နေကြတယ်။

လမိုက်ညဖြစ်တာကြောင့်သူကြီးအိမ်ကလွဲပြီးတစ်ရွာ

လုံးမှောင်မည်းနေတယ်။

ဖဲသမား အေးသာတစ်ယောက် စိတ်ပျက်လက်ပျက်

အမူအရာနဲ့ ဖဲဝိုင်းက ထလိုက်တယ်။

" တော်ပြီကွာ .. ပါသမျှလည်း ပြတ်ပြီ၊

အိမ်ပြန်ပြီး အိပ်တာဘဲ ကောင်းတယ် .. "

အေးသာဟာ ကျန်လူတွေကိုပြောပြီး အရက်ဝိုင်းရှိရာ

လျှောက်သွားတယ် ..

ကုက္ကိုလ်ပင်ကြီးအောက် ဝိုင်းဖွဲ့နေတဲ့ ရွာသားတစ်စုရဲ့

အရက်ဝိုင်း ...

အေးသားတစ်ယောက် ပုလင်းတစ်လုံးကောက်ဆွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



တမ်းမှုန်ဆိုး မော့ရှုလိုက်တယ်။

ဒီအခါမှာ အရက်ဝိုင်းက လူတစ်ယောက်က . .

" ဟောကောင် . . အေးသာ၊ ရေလေးဘာလေးရောပါဦးကွ

အငမ်းမရ သောက်နေလိုက်တာ၊ တော်ကြာ . .

ကျီးမနောက်လိုက်နေရမယ်ဟေ့ . . "

လို့ စနောက်လိုက်တယ်။

" သေတော့လဲ အေးတာပေါ့ဗျာ . .

မဲရှုံးလို့ စိတ် ညစ်နေတယ်ဗျ . .

ကျုပ်ကို တစ်လုံးလောက်ပေးလိုက်စမ်းပါ "

အေးသာက ပြောဆိုရင်း . . အရက်တစ်လုံးကိုလှမ်းဆွဲ

လိုက်တယ်။

ပြီးတော့ . . ဒယိမ်းဒယိုင် ခြေလှမ်းတွေနဲ့ မြို့ပြင်ထွက်

သွားတယ်။

ရွာလမ်းတစ်လျှောက် မှောင်မည်းပြီး လူပြတ်နေတယ်။

အေးသာဟာ အရက်မော့ရင်း လျှောက်သွားတယ်။



တဖြည်းဖြည်းတက်လာတဲ့ အရက်ရှိန်ကြောင့်သူ့အမြင်

အာရုံတွေ ဝိုးတဝါး ဖြစ်လာတယ်။

သူ့ခြေထောက်တွေဟာ လေထဲမှာလမ်းလျှောက် ရသလို

ပေါ့ပါးနေတယ် ။

အေးသာ တစ်ယောက် အရက်အရှိန် မြင့်လာတာနဲ့အမျှ

တွေပြီး သီချင်းအော်ဆိုပစ်လိုက်တယ် ။

အေးသာရဲ့ ကပေါက်တိ ကပေါက်ချာ ဆိုတဲ့ အသံကြီးက

ရွာလမ်းတစ်လျှောက် ပျံ့လွင့်နေတယ် ။

ငှက်ဆိုးတစ်ကောင်ဟာ " ဂီး . . " ကနဲ အော် မြည်ရင်း

သူ့ခေါင်းပေါ်က ဖြတ်ပျံသွားတယ်။

အေးသာဟာ ငှက်ဆိုးကို မော့ကြည့်ရင်း မကျေမနပ် ဆဲဆို

လိုက်တယ်။

ဒီအချိန်မှာဘဲခေါင်းမွေးထောင်ထမတတ် သူထိတ်လန့်

သွားတယ်။

သူ့ ရှေ့တည့်တည့်မှာ မိန်းမတစ်ယောက် . .

www.burmeseclassic.com

www.burmeseclassic.com


ကလေးလေးကိုကျဲ့ခွဲရင်း လျှောက်လာတယ် . .

အေးသာဟာ ထေါ်းနေတဲ့ မျက်လုံးကို အတင်း

ဖွင့်သပ်ကြည့်လိုက်တယ်။

အထက်အောက် အဖြူဝတ်ထားတဲ့ မိန်းမနဲ့ ကလေးကို

အထင်အရှားကြီး တွေ့နေရတယ် ။

အေးသာတစ်ယောက် ကြည့်နေတုန်းမှာဘဲ တစ်ကိုယ်လုံး

ရှိန်းကနဲ ဖြစ်သွားတယ် ။

ကြက်သီးဖျန်းကနဲထပြီး လက်ဖျားတွေအေး စက်လာ

တယ် ။

ဒီအချိန်မှာဘဲ အဖြူရောင်ပုံရိပ်ဟာ သူ့ရဲ့ မလှမ်းမကမ်းကို

ရောက်လာတယ် ။

အနီးကပ်မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် အေးသာဟာ

အသည်းပျက်မတတ် ခြောက်ခြားသွားတယ် . .

သူကြီးသမီး ကျီးမနဲ့ . . သားဖြစ်သူ ဖိုးလုံး . .

အေးသာတစ်ယောက် ကြည့်နေရင်း " အား . . "

ကနဲ ငယ်သံပါအောင် အော်ဟစ်လိုက်တယ် ။

သူ့ရဲ့ ဒယိမ်းဒယိုင်ခြေလှမ်းတွေက သူကြီးအိမ်ဘက်

ဦးတည်နေတယ်။

" အား . . အမယ်လေးဗျ . . ကယ်ကြပါဦး

တစ္ဆေ . . တစ္ဆေ တွေ . . "

လို့ သွေးရူးသွေးတန်း အော်ဟစ်လိုက်တဲ့ အသံကြီးက

အမှောင်ထုကို ဖုံးလွှမ်းသွားတယ်။

အသုဘအိမ်ရှိ လူအားလုံး အသံကြောင့် ခေါင်းနပန်း

ကြီးသွားကြတယ် ။

လူအားလုံး . . အထိတ်တလန့်ဖြစ်ပြီး ခြံဝပြေး ထွက်ဖို့

ပြင်လိုက်တယ်။

သူကြီးဖိုးကောင်ကိုယ်တိုင် အိပ်ရာထက်က ဆတ်ကနဲ

ထပြီး ပြေးထွက်ခဲ့တယ်။

သူကြီးဟာ ဓားစိတ်နဲ့ အိမ်အောက်ထပ်ကို ဆင်းဖို့

ပြင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

လှေကားထိပ်ရောက်တဲ့အခါ ခေါင်းတစ်ခုလုံးချာချာ လည်သလို ခံစားလိုက်ရတယ် . .

ပြီးတော့ . . ကိုယ်ကို မထိန်းနိုင်ဘဲ လှေကားအတိုင်း အလိမ့်ခေါက်ကွေး ပြုတ်ကျသွားတယ်။

“ ဘုန်း . . ဘုန်း . . ဒုန်း . . ဒုန်း . . ”

ဆိုတဲ့အသံကြီးကြောင့် ရွာသားတွေဟာ အိမ်ထဲ ပြေးဝင်လာကြတယ်။

ရွာသားအားလုံး စုပြုံရောက်ရှိချိန်မှာတော့ သွေးအိုင်ထဲ မှာနေတဲ့ သူကြီးကို မြင်လိုက်ရတယ် ။

“ ဟာ . . သူကြီး . . သူကြီး ပြုတ်ကျတယ် . . ”

ဆိုတဲ့ ရွာသားတွေရဲ့ တစ်ယောက်တစ်ပေါက် အသံနဲ့အတူ သူကြီးကို ပြေးမစဉ်မှာတော့ အကြီးအကျယ် သွေးပျက်သွားကြတယ်။

တစ်တောင်လောက်ရှိတဲ့ သံချွန်ကြီးတစ်ချောင်း ...ကြီးပိုးကောင်ရဲ့ ဗိုက်မှာ ထုတ်ချင်းပေါက် ...

# အပိုင်း (၁၈)

## နှစ်လောင်းပြိုင်အသုဘ..

www.burmeseclassic.com

"နောင် ဝေ .. ဝေ"

သချိုင်းတစ်ခုလုံး ကြေးစည်သံ ဖုံးလွှမ်းနေတယ်။

သူကြီးပိုးကောင်နဲ့ သမီးဖြစ်သူကျီးမရဲ့ရုပ် အလောင်း

ထမ်းလာတဲ့ ရွာသားတွေ . .

သူတို့ အားလုံးရဲ့မျက်နှာဟာ သွေးမရှိလောက်အော

ဖြူဖတ်နေတယ်။



သူတို့ဟာအသင့်တူးထားတဲ့မြေကျင်းနား ရောက်တော့

အလောင်းတွေကို မြေချလိုက်တယ်။

အလောင်းမြေဖို့အပြီးမှာတော့ သူတို့ဟာ တစ်ယောက်

မျက်နှာတစ်ယောက် ကြည့်လိုက်ရင်း . . .

"နှစ်လောင်းပြိုင်အသုဘပေါ်တာ

ရွာအတွက် နိမိတ်မကောင်းဘူးဖိုးလုံးကစရင်

မသာသုံးလောင်းရှိပြီ၊ရွာမှာ လူသေရင်လေးလောင်း

ဆက်တိုက်ပေါ်တတ်တယ်၊ဒါဟာ ဆိုးရွားတဲ့

အစဉ်အလာဘဲ .. လေးလောင်းမြောက်က

ဘယ်သူဖြစ်မလဲ .."

လို့စိတ်မသက်သာဟန်နဲ့ ရေရွတ်လိုက်တယ်။

ဒီအချိန်မှာဘဲ ကောင်းကင်ကြီး အုံ့မှိုင်းလာတယ်။

ထို့အတူ လင်းတငှက်တွေ အုပ်ဖွဲ့ပျံသန်းလာတယ်။

သုသာန်ထဲ အသည်းအသန်ပြေးလာတဲ့ ကလေးတစ်

ယောက် ...

www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးတို့ ... အဖွားခြံဝမှာလဲနေတယ်၊

ခေါ်လို့လဲမရဘူး ... အီး ... ဟီး ... ဟီး ”

“ဟင် ... အိုပြည့်လေးပါလား၊ခေါ်အိုစာ ဘာဖြစ်လို့လဲ

ဆိုတဲ့ အမေးနဲ့အတူ အားလုံးရဲ့ခြေလှမ်းက ခေါ်အိုစာ

အိမ်ဘက် ဦးတည်လိုက်တယ်။

ဟိုရောက်တော့ မြေပေါ်ခွေလဲကျနေတဲ့ ခေါ်အိုစာကို

စိတ်မသက်သာဖွယ် တွေ့လိုက်ရတယ်။

သူမရဲ့နဘေး အုံခဲနေတဲ့ လင်းတကောင်တွေ

ရွာသားတွေဟာ အေးစက်တောင့်တင်းနေတဲ့ ခေါ်အိုစာ

ရဲ့ကိုယ်ကို စိတ်မကောင်းခြင်းကြီးစွာနဲ့ ငေးဆိုက်ကြည့်နေ

ကြတယ်။

ရွာဓလေ့အရ မသာလေးလောင်းပေါ်ရင် နောက်ဆုံးမသာ

ကို နေ့မကူးစေရဘူး။

ဒါကြောင့် အားချင်းမြေချဖို့ စီစဉ်ကြတယ်။

ရွာသားတွေရဲ့ ရင်ထဲမှာ ကမ္ဘာ့ရန်အလားမသင့်မြတ်ကြ

တဲ့သူကြီးတို့မိသားစုနဲ့ ခေါ်အိုစာသေဆုံးပုံကို တွေးမရအောင်

ဖြစ်နေကြတယ်။

အယူသည်းတဲ့လူကြီးတစ်ချို့ကတော့ သူကြီးတို့သား

အဖဟာ ခေါ်အိုစာရဲ့ကျိန်ဆိုမှုတွေကို အငြိုးထားတဲ့အတွက်

သိပ်ပြာပြန်နှုတ်သွားတယ်လို့ ယူဆကြတယ်။

အလောင်းမြေချပြီး ရွာသားတွေပြန်သွားတဲ့အခါ သချိုင်း

လေးဟာ အထီးကျန်စွာ ကျန်ရစ်ခဲ့တယ်။

ထိုနေ့ည ... သန်းခေါင်ချိန်လောက်မှာတော့ ချွေးအူသံ

အတူ ငှက်ဆိုးထိုးသံတွေ သချိုင်းတွင်း ကြီးစိုးသွားတယ်။

လရောင်ရဲ့ဝိုးတဝါးအလင်းရောင်အောက် မြေပုံတစ်ခုရဲ့

ကြီးတွေ ဖွားကနဲ လွင့်စင်သွားတယ်။

‘ဝုန်း’ ...ကနဲ အသံနဲ့အတူ အခေါင်းဖုံးကြီး မြောက်တက်

သွားတယ်။

ဆံပင်ဖယ်ဖိုဖရဲနဲ့ မားမားကြီးရပ်နေတဲ့ သဏ္ဍာန်တစ်ခု ...

‘ဟား ... ဟား ... ဟား၊ ငါဘယ်တော့မှ မသေဘူး။

www.burmeseclassic.com



နင်တို့အားလုံးဆီ ငါပြန်လာပြီ၊

မအိုစာဆိုတဲ့ ငါဟာ ... ဘယ်တော့မှ

မသေဆုံးနိုင်ဘူး၊ ဟား ... ဟား .. ဟား

ဟား .. ဟား .. ဟား " ...

ဆိုတဲ့အသံသြကြီးဟာ သချိုင်းမြေထက် ပဲ့တင်ထပ်သွား

တော့တယ်။


(အကယ်၍ ဒေါ်အိုစာမသေဆုံးဘဲ မေ့မြောခဲ့ခြင်းကို

ရွာသားတွေသိခဲ့မယ်ဆိုရင် ...

အုန်းတောရွာရဲ့ အလောင်းလေးလောင်းပေါ်တတ်တဲ့

အယူသည်းမှုဟာ ပျောက်ကွယ်သွားမှာလား။ ။)

— — ။ — —



# မအိုစာရဲ့ကာလပေါင်းခွဲ

- ချမ်းမြေ့သရဖီလှိုင် (စုံထောက် .. တက်ကျမ်း)
- သူယောင်မယ် (ထိတ်လန့်ခြောက်ခြားဖွယ်)

BURMESE CLASSIC

www.burmeseclassic.com